ကြေးမုံ
The Mirror
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်၊ တနင်္လာနေ့၊ (2-11-2015) (၈၃၇၂)

## ဗုဒ္ဓအလိုကျ အဆုံးအမတော်

| | | |
|---|---|---|
| သဗ္ဗပါပဿ အကရဏံ | - | မကောင်းတာ(အကုသိုလ်)ဟူသမျှ ဘာမျှမလုပ်ပါနှင့်။ |
| ကုသလဿ ဥပသမ္ပဒါ | - | ကောင်းတာ(ကုသိုလ်)မှန်သမျှ အားလုံးပြုလုပ်ပါ။ |
| သစိတ္တ ပရိယောဒပနံ | - | မိမိစိတ်ကို မိမိနိုင်အောင်ထိန်းပါ။ (မကောင်းတာ မလုပ်ဖြစ်အောင် စိတ်ကိုထိန်းပါ) |
| ဧတံ ဗုဒ္ဓါန သာသနံ | - | ဤသုံးမျိုးသည် ဗုဒ္ဓ၏အလိုတော်ကျ အဆုံးအမတည်း။ |

(ဓမ္မပဒ)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ကွန်းစုမြို့နယ်ရှိ ဒေသခံပြည်သူများက ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

# လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲဖြစ်အောင် ပြည်သူလူထုအားလုံး ဝိုင်းဝန်းပူးပေါင်း

**နေပြည်တော် နိုဝင်ဘာ ၁**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဦးအုန်းမြင့်၊ ဦးဝင်းထွန်း၊ ဦးဇေယျာအောင်၊ ဒေါက်တာသန်းအောင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မြိတ်မြို့ရှိ မဟာသိဒ္ဓိဇယစေတီတော်အား သွားရောက်ဖူးမြော်ကြည်ညိုကာ ဆွမ်း၊ ပန်း၊ ရေချမ်းနှင့် ဆီမီးကပ်လှူပူဇော်ပြီး အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် အဆိုပါစေတီတော်၌ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌများ၊ ကော်မတီဝင်များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့●**

## အင်းလေးဖောင်တော်ဦးဘုရား ရတနာစံကျောင်းတော်ဝင်ပွဲ ကျင်းပ



သတင်း
စာမျက်နှာ- ၂

## ၂၀၁၅ ခုနှစ် အာရှ ဘီအမ်အိပ်စ် စက်ဘီးပြိုင်ပွဲ ကျင်းပ



သတင်း
စာမျက်နှာ- ၁၀

ECONOMY
Green
GROWTH

## အစိမ်းရောင်စီးပွားရေး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေဖို့

မြင့်မောင်စိုး ၏
ဆောင်းပါး စာမျက်နှာ - ၆




ကြေးမုံစာတည်းရှုထောင့် — ၂-၁၁-၂၀၁၅၊ တနင်္လာနေ့

# သိသာထင်ရှားသည့် ပြောင်းလဲမှု

ဒီမိုကရေစီအသွင်ကူးပြောင်းသည့် ယနေ့ခေတ်ကာလတွင် ပွင့်လင်းမြင်သာမှုနှင့် လွတ်လပ်မှုရှိလာသဖြင့် နိုင်ငံအတွင်းရှိ ကဏ္ဍအလိုက် တိုးတက်မှု၊ ဆုတ်ယုတ်မှုနှုန်းများကို အဖွဲ့အစည်းများက အညွှန်းကိန်းများဖြင့် သုံးသပ်ဆန်းစစ်ကာ ခန့်မှန်းအဖြေထုတ်လာကြသည်ကို တွေ့ရသည်။

အလုပ်အကိုင်ရရှိမှု၊ လူ့အခွင့်အရေးဖြစ်ထွန်းမှု၊ ဆင်းရဲမွဲတေမှု၊ ပညာရေး၊ ကျန်းမာရေးတိုးတက်လာမှု၊ လူနေမှုအဆင့်အတန်း၊ စီးပွားရေးအဆင့်အတန်း စသည်ဖြင့် အညွှန်းကိန်းအမျိုးမျိုးကို ကောက်ယူစစ်တမ်းထုတ်လာကြပါသည်။ တစ်ချိန်သောကာလက အဆင်းရဲဆုံးနိုင်ငံအဆင့်၊ လူ့အခွင့်အရေးချိုးဖောက်မှုအဆင့်တို့လောက်သာ စစ်တမ်းထုတ်ကြသော်လည်း ယခုအခါ စစ်တမ်းအမျိုးမျိုးထုတ်နိုင်ကြသည်ကို တွေ့ရသည်။

ယင်းသို့အညွှန်းကိန်းစစ်တမ်းများထုတ်ပြန်ကြရာဝယ် ပြီးခဲ့သည့် ရက်ပိုင်းက ကမ္ဘာ့ဘဏ်က နှစ်စဉ်ထုတ်ပြန်သည့် စီးပွားရေးဆောင်ရွက်မှု ၂၀၁၆ ခုနှစ် အစီရင်ခံစာတွင် မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများ တိုးတက်ခြင်းနှင့်ပတ်သက်၍ တိုးတက်မှုမြင့်မားခြင်းနှင့် အတိုးတက်ဆုံးနိုင်ငံအဖြစ် အသိအမှတ်ပြုမှုကို ကြားသိလိုက်ရသဖြင့် နိုင်ငံသားတစ်ဦးအနေဖြင့် များစွာ ကျေနပ်မိပါသည်။

မျက်မှောက်ကာလ မြန်မာနိုင်ငံ၏စီးပွားရေးကဏ္ဍတွင် အသွင်ကူးပြောင်းရေးမတိုင်မီကာလက တိုးတက်မှုမရှိခဲ့သောအခြေအနေမှ ယခုပြောင်းလဲတိုးတက်လာသောအခြေအနေကို ထင်ဟပ်ဖော်ပြလိုက်ခြင်းပင်ဖြစ်သည်။ မပြောင်းလဲပါဟူသော ထင်မြင်ချက်တစ်ခုကို ယခုအညွှန်းကိန်းစစ်တမ်းဖြင့် အပြောင်းအလဲကို သက်သေပြနိုင်သည်ဟု ဆိုရမည်ဖြစ်သည်။

ယခုအညွှန်းကိန်းစစ်တမ်းသည် အပေါ်ယံအကြမ်းဖျင်းစစ်တမ်းကောက်ယူထားခြင်းမဟုတ်ဘဲ စီးပွားရေးလုပ်ငန်းတစ်ခုစတင်ခြင်း၊ အဆောက်အအုံဆောက်လုပ်ခွင့် ရရှိရေးဆောင်ရွက်ခြင်း၊ လျှပ်စစ်ဓာတ်အားရရှိမှုအခြေအနေ၊ ပိုင်ဆိုင်မှုများ မှတ်ပုံတင်ခြင်း၊ ငွေကြေးအထောက်အပံ့ရရှိခြင်း၊ ရင်းနှီးမြှုပ်နှံမှုအနည်းငယ်သာဆောင်ရွက်နိုင်သူများကို ကာကွယ်ခြင်း၊ အခွန်ပေးဆောင်ခြင်း၊ စာချုပ်စာတမ်းများ အသက်ဝင်မှုရှိခြင်း၊ ပြည်ပကူးသန်းရောင်းဝယ်မှုအခြေအနေနှင့် စီးပွားရေးလုပ်ငန်း စာရင်းရှင်းလင်းဆောင်ရွက်နိုင်ခြင်းဟူသည့် အချက် ၁၀ ချက် အပေါ်မူတည်ကာ အကဲဖြတ်ထားခြင်းဖြစ်၍ မှန်ကန်ခိုင်မာမှုရှိပေသည်။

ကမ္ဘာပေါ်မှ အကဲဖြတ်နိုင်ငံပေါင်း ၁၈၉ နိုင်ငံရှိသည့်အနက် စီးပွားရေးကဏ္ဍတွင် မြန်မာနိုင်ငံသည် ၂၀၁၄ ခုနှစ်က အဆင့် ၁၈၂ ရှိခဲ့သည်။ လေးနှစ်တာကာလအတွင်း ပြုပြင်ပြောင်းလဲမှုများကို တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်နိုင်ခဲ့ခြင်း၏ ရလဒ်အဖြစ် ၂၀၁၆ ခုနှစ်အစီရင်ခံစာအရ အဆင့် ၁၆၇ သို့တက်လှမ်းနိုင်ခဲ့ပြီး အဆင့် ၁၅ ဆင့် တိုးတက်လာသည်မှာ လွယ်ကူသောအလုပ်မဟုတ်ချေ။

လက်ရှိဒီမိုကရေစီအစိုးရသက်တမ်းမတိုင်ခင်က ကမ္ဘာ့စီးပွားရေးအသိုက်အဝန်းများနှင့် ထိတွေ့မှုနည်းပါးခဲ့ပြီး နိုင်ငံတကာ၏ စီးပွားရေးပိတ်ဆို့မှုများစွာဖြင့် နိုင်ငံ့စီးပွားရေးနာလန်ထူရန် အခက်အခဲများနှင့်ရင်ဆိုင်ခဲ့ရသည်။ တစ်နည်းဆိုလျှင် မြန်မာနိုင်ငံ၏စီးပွားရေးကဏ္ဍတွင် စိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်မှာ အမှန်ဖြစ်သည်။

ယင်းကို နာလန်ထူရန်နှင့် တိုးတက်မှုအဆင့်တစ်ခု၊ နှစ်ခုမျှရရှိရန်မှာ အလွယ်တကူ ဖြစ်နိုင်မည်မဟုတ်ချေ။ အမှန်တကယ်ပြုပြင်ပြောင်းလဲမှုများကြောင့်သာ တိုးတက်ခဲ့ခြင်းဖြစ်သည်မှာ ငြင်းနိုင်ဖွယ်မရှိချေ။ အာဆီယံ ၁၀ နိုင်ငံတွင် မြန်မာနိုင်ငံသည် နောက်ဆုံးအဆင့်တွင် ရှိနေသေးသည်မှာ မှန်သော်လည်း ယခုတိုးတက်မှုနှုန်းအရ ၁၀ နိုင်ငံတွင် ဒုတိယအဆင့် တိုးတက်အောင် ဆောင်ရွက်နိုင်သည်ကို အသိအမှတ်ပြုရမည်ဖြစ်သည်။

စီးပွားရေးလုပ်ငန်းတစ်ခု စတင်ခြင်းတွင် မြန်မာနိုင်ငံသည် ၂၀၁၅ ခုနှစ်အစီရင်ခံစာအထိ အဆင့် ၁၈၉ ဖြစ်ခဲ့ရာမှ ယခုနှစ် ၂၀၁၆ ခုနှစ် အစီရင်ခံစာတွင် အဆင့် ၁၆၀ အထိတိုးတက်လာခြင်းသည် အဆင့် ၂၉ ဆင့်သို့ ခုန်ပျံရောက်ရှိခဲ့ခြင်းဖြစ်၍ အာဆီယံတွင် အတိုးတက်ဆုံးနိုင်ငံအဖြစ် အသိအမှတ်ပြုထိုက်ပေသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံသည် စီးပွားရေးကဏ္ဍတွင် တိုးတက်ပြောင်းလဲခဲ့သည်မှာ အမှန်ဖြစ်သည်။ မပြောင်းလဲခြင်းများကို ပြောင်းလဲခြင်းများဖြင့် ကျော်လွှားခဲ့ပြီ။ ရှေ့ဆက်လက်၍ ယခုအောင်မြင်မှုများထက် ဆက်လက်တိုးတက်ပြောင်းလဲအောင်မြင်အောင် ဆောင်ရွက်သွားနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။ ။

# နတ်တလင်းမြို့ရှိ ဗိုလ်ချုပ်ရုပ်တုနှင့်ပန်းခြံအား ပြန်လည်ပြုပြင်ပေးစေလို

**နတ်တလင်း နိုဝင်ဘာ ၁**

နတ်တလင်းမြို့ မြို့လယ် ရန်ကုန်-ပြည်လမ်းဘေးတွင် ဗိုလ်ချုပ်ပန်းခြံရှိပြီး ဗိုလ်ချုပ်ကြေးရုပ်လည်း စိုက်ထူထားသည်။ ယခင်ပန်းခြံအတွင်း မြေယာရှုခင်းများ၊ ပန်းအလှများ၊ လူသွားလမ်းများနှင့် ဗိုလ်ချုပ်ကြေးရုပ်တုအားလည်း မျက်စိပသာဒ နှစ်လိုဖွယ်ရှိအောင် ပြုပြင်မွမ်းမံထားခဲ့ကြပေသည်။ ယခုအခါ ပန်းခြံမှာ မြက်ပင်များ၊ ချုံနွယ်များ ထူထပ်ပြီး ခြံစည်းရိုးများ လဲပြိုနေခြင်း၊ ဗိုလ်ချုပ်ကြေးရုပ်တုမှာလည်း ကြေးအရောင်များ မွဲနေသဖြင့် အမြင်မတင့်တယ်ဖြစ်နေပါသည်။

မြို့နယ် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားရာတွင် ပန်းခြံမြေမှာ မြန်မာ့မီးရထားပိုင်မြေဖြစ်ပြီး ပန်းခြံနှင့်ရုပ်တုမှာ မြို့စည်ပင်သာယာရေးအဖွဲ့က တည်ဆောက်ထားခြင်းဖြစ်ကြောင်း၊ ယခုစည်ပင်သာယာရေးကော်မတီလက်ထက်တွင် ရန်ပုံငွေခွဲဝေလျာထားရန် မြေပိုင်ဆိုင်မှုအနေအထားအရ အခက်အခဲဖြစ်ပေါ်လျက်ရှိနေသဖြင့် ယခုကဲ့သို့ ယိုယွင်းပျက်စီးရခြင်းဖြစ်ကြောင်း ပြောပြခဲ့သည်။

မြို့ခံပြည်သူတစ်ဦးကလည်း "ယခင်ကလိုပဲ ပန်းခြံလေးကို အများပြည်သူအပန်းဖြေနေရာလေးဖြစ်အောင် ပြင်ဆင်ပေးစေလိုပါတယ်။ ဗိုလ်ချုပ်ရုပ်တုကိုလည်း အရောင်တင်တာ၊ လျှပ်စစ်မီးအလှထွန်းတာတို့ ပြန်လည်ပြုလုပ်ပေးစေလိုပါတယ်"ဟု ပြောကြားခဲ့ရာ မြို့သူ မြို့သားများ လိုလားသည့် ပန်းခြံနှင့်ရုပ်တုအား ပြန်လည်ပြင်ဆင်ပြုပြင်ဆောင်ရွက်ပေးစေလိုကြောင်း ရေးသားတင်ပြလိုက်ရပေသည်။

**နိုင်ထွန်း(TGI)**



# အင်းလေးဖောင်တော်ဦးဘုရား ရတနာစံကျောင်းတော်ဝင်ပွဲ ကျင်းပ

**ညောင်ရွှေ နိုဝင်ဘာ ၁**

နှစ်စဉ် သီတင်းကျွတ်လဆန်း ၁ ရက်မှ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်ထိ အင်းလေးဒေသ ၂၁ ဌာနသို့ ဒေသစာရီလှည့်လည်ကြွချီအပူဇော်ခံခဲ့သော အင်းလေးဖောင်တော်ဦးရုပ်ရှင်တော်မြတ်များသည် အောက်တိုဘာ ၃၁ရက် နံနက် ၈ နာရီတွင် ရေသာကျေးရွာစံကျောင်းတော်မှ ထာဝရသီတင်းသုံးရာ ရတနာစံကျောင်းတော်သို့ ပြန်လည်ကြွချီ ပူဇော်ခံခဲ့ကြောင်း သိရသည်။

ဖောင်တော်ဦး ရုပ်ရှင်တော်မြတ်များ ပင့်ဆောင်လာသော ကရဝိက်ဖောင်တော်သည် နံနက် ၉ နာရီတွင် ရတနာစံကျောင်းတော်ရှေ့သို့ ရောက်ရှိလာရာ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့် တာဝန်ရှိသူများက စံကျောင်းတော်ပေါ်သို့ ပင့်ဆောင်ပူဇော်ကြသည်။

ထို့နောက် ဖောင်တော်ဦးရုပ်ရှင်တော်မြတ်များကို ဆွမ်း၊ ဆီမီး၊ ပန်း၊ ရေချမ်းနှင့် ရွှေသင်္ကန်းများ ဆက်ကပ်လှူဒါန်းပူဇော်ခဲ့သည်။



ဆက်လက်၍ စံကျောင်းတော်ဝင်ပွဲ အထိမ်းအမှတ် အင်းသားရိုးရာလှေပြိုင်ပွဲကိုကျင်းပရာ အမျိုးသားရာကျော်လှေပြိုင်ပွဲတွင် ရွာကြီး(ရှေ့)အသင်းက ပထမ၊ ကေလာ(နောက်)အသင်းက ဒုတိယ၊ အမျိုးသား ၄၆ တက်လှေပြိုင်ပွဲတွင် အိုင်ထောင့်ကြီးအသင်းက ပထမ၊ ဇရပ်ကြီးအသင်းက ဒုတိယ၊ အမျိုးသမီး ၂၆ တက်လှေပြိုင်ပွဲတွင် ညောင်ဝန်း(ရှေ့)အသင်းက ပထမ၊ သလဲဦးအင်းအသင်းက ဒုတိယရရှိခဲ့ပြီး ဆုရအသင်းများနှင့် တစ်ဦးချင်းခြေလှော်ဆုရရှိသူများကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**


# ဆန္ဒမဲပေးနိုင်ရန် သက်သေခံလက်မှတ်များ စတင်ထုတ်ပေး

**ရန်ကုန် နိုဝင်ဘာ ၁**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်အတွင်းရှိ ရပ်ကွက်ကြီး ၂၀ နှင့် ကျေးရွာအုပ်စု ကိုးအုပ်စုတို့တွင် အသက်(၁၈)နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတို့အား နိုဝင်ဘာ ၈ ရက်တွင် စတင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ ဆန္ဒမဲပေးနိုင်ရန်အတွက် သက်သေခံလက်မှတ်များကို ယနေ့မှစ၍ စတင်ထုတ်ပေးလျက်ရှိသည်။

လှိုင်သာယာမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ၏လမ်းညွှန်ကြီးကြပ်မှုဖြင့် အမှတ်(၁၆)ရပ်ကွက် အုပ်ချုပ်ရေးမှူးဦးထွန်းဦး၊ တာဝန်ရှိသူများနှင့် ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌဦးသစ်လွင်တို့က ဦးဆောင်၍ အသက်(၁၈)နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူမိဘပြည်သူများကို သက်သေခံလက်မှတ်များအား ယနေ့ နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ စတင်ထုတ်ပေးလျက်ရှိပြီး နိုဝင်ဘာ ၇ ရက်အထိ ထုတ်ပေးသွားမည်ဖြစ်ကာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ရပ်ကွက်နေမိသားစုဝင်များက သက်သေခံလက်မှတ်များကို စိတ်ပါဝင်စားစွာလာရောက်ထုတ်ယူလျက်ရှိကြောင်း သိရသည်။

**မင်းထက်ပိုင်(လှိုင်သာယာ)**




ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေါဝမ်းစိုး၊ အောင်ကျော်ကျော်

အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှုံသင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ မြိုးစန္ဒာမြင့်၊ သီသီမင်း

အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
အထူးသတင်းထောက် - ဆုနှင်းလှဲ၊ သီရိ

## ပြည်တွင်းရေးရာ

●ရှေ့ဖုံးမှ

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ရဟတ်ယာဉ်များဖြင့် ကျွန်းစုမြို့သို့ ရောက်ရှိကြရာ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် မော်တော်ယာဉ်များဖြင့် ကျွန်းစုမြို့အတွင်း လှည့်လည်ကြည့်ရှုပြီး သံသရာအေးစေတီသို့ ရောက်ရှိရာ ဒေသခံပြည်သူများက လမ်းတစ်လျှောက် ဝဲယာမှ တစ်ခဲနက် ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် သံသရာအေးစေတီအား ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်ပြီး အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် အဆိုပါစေတီတော်ရှိ ဓမ္မာရုံအတွင်း၌ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌများ၊ ကော်မတီဝင်များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးအတွက် ဆွေးနွေးမှာကြားကာ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ရဟတ်ယာဉ်များဖြင့် တနင်္သာရီမြို့သို့ ရောက်ရှိကြရာ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ မော်တော်ယာဉ်များဖြင့် တနင်္သာရီမြို့ရှိ ချောင်းကြီးကျောင်းတိုက်သို့ ဆက်လက်ထွက်ခွာရာ ဒေသခံပြည်သူများက လမ်းတစ်လျှောက်ဝဲယာမှ သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ချောင်းကြီးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပညာဒီပအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် အဆိုပါကျောင်းတိုက်တွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌများ၊ ကော်မတီဝင်များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးမှာကြားကာ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြိတ်မြို့ရှိ မဟာသိဒ္ဓိဇယ စေတီတော်လိုဏ်အတွင်း၌ မြို့မိမြို့ဖများ၊ ဒေသခံများအား ရင်းရင်းနှီးနှီးတွေ့ဆုံစဉ်။(သတင်းစဉ်)

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် တနင်္သာရီမြို့၌ နှစ်စဉ်ကျင်းပသည့် တနင်္သာရီ ရိုးရာ နဂါးလှေလှော်ပွဲတော်အား တက်ရောက်ကြည့်ရှုအားပေးကာ ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

တနင်္သာရီမြို့နယ်တွင် သစ်လုံးကြီးများကို နဂါးရုပ်ပုံထွင်း၍ လှေပြုလုပ်ပြီး ယဉ်ကျေးမှုအမွေအနှစ်အဖြစ် သားစဉ်မြေးဆက် ထိန်းသိမ်းလှော်ခတ်ခဲ့သည်မှာ နှစ်ပေါင်း (၈၆၂)နှစ်တိုင် ရှိခဲ့ပြီဖြစ်ကြောင်း၊ အဆိုပါ ရိုးရာနဂါးလှေပွဲတော်များကို ရဟန်းခံ၊ ရှင်ပြု၊ အလှူတော်မင်္ဂလာများ၊ ဘာသာရေးဆိုင်ရာပွဲတော်များနှင့် နေ့ကြီးရက်ကြီး အထိမ်းအမှတ်ပွဲများတွင် လှော်ခတ်ကြကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ ရဟတ်ယာဉ်များဖြင့် ပုလောမြို့သို့ရောက်ရှိကြရာ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ပုလောမြို့အတွင်း လှည့်လည်ကြည့်ရှုပြီး လယ်ဝိုင်းကျောင်းတိုက်သို့ ဆက်လက်ထွက်ခွာရာ ဒေသခံ ပြည်သူများက လမ်းတစ်လျှောက်ဝဲယာမှ သောင်းသောင်းဖြဖြကြိုဆိုနှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတသည် လယ်ဝိုင်းကျောင်းတိုက်တွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌများ၊ ကော်မတီဝင်များ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။





နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့ တနင်္သာရီမြို့၌ နှစ်စဉ်ကျင်းပသည့် နဂါးလှေလှော်ခတ်ပွဲတော်အား ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတသည် မြိတ်၊ ကျွန်းစု၊ တနင်္သာရီနှင့် ပုလောမြို့နယ်များသို့ ရောက်ရှိပြီး ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံစဉ် အမှာစကားပြောကြားရာ၌ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူတစ်ရပ်လုံး၏ တူညီသော ဆန္ဒဖြစ်သည့် တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ရည်မှန်းချက်ထားရှိပြီး အကောင်အထည်ဖော်နိုင်ရန် ပြုပြင်ပြောင်းလဲမှုများကို ကဏ္ဍအလိုက် တစ်ဆင့်ပြီးတစ်ဆင့် စနစ်တကျဖြင့် ဆောင်ရွက်ခဲ့ပါကြောင်း။

တည်ငြိမ်အေးချမ်းရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးမှတစ်ဆင့်ထာဝရငြိမ်းချမ်းရေးရရှိရန်



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တနင်္သာရီမြို့ရှိ ချောင်းကြီးကျောင်းတိုက် ဓမ္မဗိမာန်တော်အတွင်း၌ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံစဉ်။ (သတင်းစဉ်)

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ❖

# ဂျပန်-တရုတ်-တောင်ကိုရီးယား သုံးပွင့်ဆိုင်အစည်းအဝေး ပြန်လည်ကျင်းပ



**ဆိုးလ် နိုဝင်ဘာ ၁**

သုံးနှစ်ခွဲခန့် ကျင်းပခဲ့ခြင်းမရှိသည့် ဂျပန်-တရုတ်-တောင်ကိုရီးယား သုံးပွင့်ဆိုင်အစည်းအဝေးကို ဆိုးလ်မြို့တွင် ပြန်လည်ကျင်းပခဲ့ရာ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး၊ တရုတ်ဝန်ကြီးချုပ် လီခချန်းနှင့် တောင်ကိုရီးယား သမ္မတ ပတ်ဂွန်ဟေးတို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

အစည်းအဝေးတွင် ခေါင်းဆောင်သုံးဦးက အစည်းအဝေးကို နှစ်စဉ်ပုံမှန် ပြန်လည်ကျင်းပနိုင်ရန်နှင့် လာမည့်နှစ် အစည်းအဝေးကို ဂျပန်နိုင်ငံတွင် ကျင်းပရန် သဘောတူညီခဲ့ကြကြောင်း သိရသည်။

ယင်းအစည်းအဝေးသည် သမိုင်းတွင် အရေးပါသည့် အစည်းအဝေးတစ်ရပ်ဖြစ်ကြောင်း၊ နိုင်ငံသုံးနိုင်ငံ၏ ဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့် အကျိုးစီးပွား အတွက် အရေးပါသော သုံးနိုင်ငံ ပူးပေါင်းဆောင်ရွက်မှုကို ပြန်လည်အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း တောင်ကိုရီးယားသမ္မတ ပတ်ဂွန်ဟေးက ဆိုသည်။

"ကျွန်တော်တို့တွေ ရင်းနှီးပွင့်လင်းစွာနဲ့ အမြင်ချင်း ဖလှယ်ခဲ့ကြပါတယ်။ ဒီအစည်းအဝေးကြောင့် သုံးနိုင်ငံ ပြန်လည်ပူးပေါင်းဆောင်ရွက်နိုင်ပြီဖြစ်တဲ့အတွက် သိသာထင်ရှားတဲ့ အောင်မြင်မှုလို့ပဲဆိုရမှာပါ"ဟု ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ပြောကြားခဲ့သည်။

နိုင်ငံရေးအရ ပူးပေါင်းဆောင်ရွက်မှုနှင့် သုံးနိုင်ငံ အကြား အပြန်အလှန်ယုံကြည်မှုရှိခြင်းတို့သည် အရေးကြီးသော အခြေခံအုတ်မြစ်တစ်ခုပင်ဖြစ်ကြောင်း တရုတ်ဝန်ကြီးချုပ် လီခချန်းက ဆိုသည်။ သုံးနိုင်ငံခေါင်းဆောင်များအနေဖြင့် သမိုင်းတွင်ကျန်ရစ်ခဲ့သည့် ကိစ္စရပ်များ အပါအဝင် အရေးပါသောကိစ္စရပ်များကို ပိုမိုအလေးပေး ဆွေးနွေးကြရန်လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

သုံးနိုင်ငံခေါင်းဆောင်များက ၎င်းတို့အနေဖြင့် သုံးနိုင်ငံအကြား လွတ်လပ်သောကုန်သွယ်မှုဇုန်တစ်ခု တည်ထောင်နိုင်သည်အထိ ဆွေးနွေးပွဲကို အရှိန်အဟုန်မြှင့်မည်ဖြစ်ကြောင်း အတည်ပြုပြောကြားကြသည်။ ထို့ပြင် မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားအရေးကို တားမြစ်နိုင်ရန်ရည်ရွယ်သည့် တောင်ကိုရီးယား၊ မြောက်ကိုရီးယား၊ အမေရိကန်၊ တရုတ်၊ ဂျပန်နှင့်ရုရှား နိုင်ငံတို့ပါဝင်သော ခြောက်နိုင်ငံဆွေးနွေးပွဲကို ပြန်လည်ကျင်းပနိုင်ရန်လည်း သဘောတူညီခဲ့ကြသည်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် နိုဝင်ဘာ ၂ ရက်တွင် သမ္မတပတ်ဂွန်ဟေးနှင့် သီးခြားတွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ။**

# ပျောက်ဆုံးနေသော ကုန်သင်္ဘောဖြစ်ဖွယ်ရှိသည့် သင်္ဘောပျက်ကို အမေရိကန်ရေတပ် ရှာဖွေတွေ့ရှိ

**ဝါရှင်တန် နိုဝင်ဘာ ၁**

ဟာရီကိန်းမုန်တိုင်း တိုက်ခတ်ချိန်ကာလအတွင်း ဘဟားမားကျွန်းကမ်းလွန်၌ ပျောက်ဆုံးသွားခဲ့သည့် ကုန်သင်္ဘောတစ်စင်းအဖြစ် ယူဆရသော သင်္ဘောပျက်ကို အမေရိကန် ရေတပ်သင်္ဘောတစ်စင်းက ရှာဖွေတွေ့ရှိရကြောင်း အမေရိကန်တာဝန်ရှိသူများက နိုဝင်ဘာ ၁ ရက်တွင် ပြောကြားကြသည်။

အယ်လ်ဖာရို အမည်ရှိ ကုန်သင်္ဘောတစ်စင်းသည် အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ် ဂျက်ဆင်ဗီးလ်မြို့မှ ပွာတိုရီကိုနိုင်ငံသို့ မောင်းနှင်နေချိန်အတွင်း အောက်တိုဘာ ၁ ရက်က ပျောက်ဆုံးသွားခဲ့သည်။ အမေရိကန်အလံ လွှင့်ထူထားသော ယင်းကုန်သင်္ဘောသည် ဟာရီကိန်းမုန်တိုင်း တိုက်ခတ်နေစဉ် အဆက်အသွယ်ပြတ်တောက်သွားခဲ့သည်။ အဆိုပါကုန်သင်္ဘောပေါ်တွင် ရေယာဉ်ဝန်ထမ်း ၃၃ ဦး လိုက်ပါလာခဲ့သည်ဆို၏။

အမေရိကန်ရေတပ် သင်္ဘောတစ်စင်းဖြစ်သော အပါချီသင်္ဘောမှ ရှာဖွေရေးအဖွဲ့တစ်ဖွဲ့သည် အယ်လ်ဖာရိုကုန်သင်္ဘော အဆက်အသွယ် မပြတ်တောက်မီ နောက်ဆုံးရောက်ရှိနေသည့် နေရာ၏ နယ်မြေအတွင်း၌ သင်္ဘောပျက်ကို ရှာဖွေတွေ့ရှိခဲ့သည်။

ရှာဖွေရေးအဖွဲ့သည် ဆိုနာ(ခေါ်) အသံလှိုင်းဖြင့် ရေအောက်ဝတ္ထုတို့၏ တည်နေရာကို ရှာဖွေသော ကိရိယာဖြင့် ပင်လယ်ရေအောက် ပေ ၁၅၀၀၀ (၄၅၇၂ မီတာ) အနက်၌ သင်္ဘောပျက်ကို ရှာဖွေတွေ့ရှိခဲ့သည်။

အဆိုပါသင်္ဘောပျက်ကို အတည်ပြုနိုင်ရန် ရေအောက်ငုပ်လျှိုးနိုင်သော ယာဉ်ပေါ်တွင် တပ်ဆင်ထားသည့် ဗီဒီယိုကင်မရာဖြင့် မှတ်တမ်းရိုက်ကူးမည်ဖြစ်ပြီး သင်္ဘောခရီးစဉ်မှတ်တမ်းတင်စက်ကို ရှာဖွေမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

**ရိုက်တာ။**




# မိုဂါဒစ်ရှူးရှိဟိုတယ်တစ်လုံးအား အယ်လ်ရှာဘတ်စစ်သွေးကြွများက တိုက်ခိုက်

**မိုဂါဒစ်ရှူး နိုဝင်ဘာ ၁**

ဆိုမာလီယာနိုင်ငံ မိုဂါဒစ်ရှူးမြို့ရှိ ဟိုတယ်တစ်လုံးအား အယ်လ်ရှာဘတ်စစ်သွေးကြွများက ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့သဖြင့် အနည်းဆုံး လူ ၁၅ ဦး သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့နှင့် မျက်မြင်သက်သေများက ဆိုသည်။

ဆာဟာဖီဟိုတယ်၏ ဝင်ပေါက်ဂိတ်တစ်ခုကို ကားဗုံးခွဲတိုက်ခိုက်ခဲ့ပြီး သေနတ်သမားများက ဝင်ရောက်ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း ရဲအရာရှိ မိုဟာမက်ဟာဆန်က ပြောကြားခဲ့သည်။ "စစ်သွေးကြွတွေ ဟိုတယ်ထဲဝင်လာပြီး စီးနင်းတိုက်ခိုက်တယ်။ ဒါပေမယ့် လုံခြုံရေးတပ်ဖွဲ့ဝင်တွေနဲ့ အပြန်အလှန်ပစ်ခတ်ပြီးတဲ့နောက်မှာ လုံခြုံရေးတပ်ဖွဲ့က အခြေအနေကို ထိန်းသိမ်းနိုင်ခဲ့ပါတယ်"ဟု ၎င်းက ဆင်ဟွာသတင်းဌာနသို့ ပြောကြားခဲ့သည်။

စစ်သွေးကြွများနှင့် လုံခြုံရေးအဖွဲ့တို့ အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားနေစဉ်တွင် ဟိုတယ်အတွင်း၌ နိုင်ငံရေးသမား အနည်းငယ်နှင့် လွှတ်တော်အမတ်များရှိနေကြောင်း ရဲအရာရှိ အာမက်အလီက ပြောကြားသည်။ အဆိုပါတိုက်ခိုက်မှုတွင် ဆိုမာလီစစ်ဦးစီးချုပ်ဟောင်း အဒီကာရင်ဒီဂါဘာဒင်နှင့် ဟိုတယ်ပိုင်ရှင်တို့ သေဆုံးခဲ့ကြောင်း ၎င်းက ဆိုသည်။

အပြန်အလှန်ပစ်ခတ်မှုပြီးဆုံးပြီးနောက် မိနစ်အနည်းငယ်အကြာတွင် ယင်းဟိုတယ်အနီးတွင် ကားဗုံးတစ်လုံး ထပ်မံပေါက်ကွဲခဲ့ရာ သတင်းထောက်တစ်ဦး အပါအဝင် အရပ်သားအနည်းငယ် သေဆုံးခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ။**



# ပြည်တွင်းစစ်အပြီးကာလ သီရိလင်္ကာ၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအခြေအနေ ကောင်းမွန်

**ကိုလံဘို နိုဝင်ဘာ ၁**

သီရိလင်္ကာနိုင်ငံသည် ယခုအခါ ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် အခြေအနေကောင်းများရှိနေပြီး မကြာသေးမီကာလမှစ၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်လာနိုင်မည်ဟု စီးပွားရေးအသိုက်အဝန်းက မျှော်လင့်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက နိုဝင်ဘာ ၁ ရက်တွင် သတင်းထုတ်ပြန်သည်။

သီရိလင်္ကာနိုင်ငံသည် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဆိုင်ရာ အလားအလာကောင်းများ ပေါ်ထွန်းလျက်ရှိကြောင်း၊ ကမ္ဘာလှည့်ခရီးသွားများနှင့် ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်နိုင်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်လာနိုင်တော့မည်ဖြစ်ကြောင်း ယင်းနိုင်ငံရှိ ဟိုတယ်လုပ်ငန်းဆိုင်ရာ ထိပ်တန်းလုပ်ငန်းအုပ်စုဖြစ်သော အိုက်ကန်စပန့်အုပ်စု၏ ဥက္ကဋ္ဌ ဟယ်ရီ ဂျာဝါဝါဒီနာက ဆင်ဟွာသတင်းဌာန၏ လူတွေ့မေးမြန်းခန်း တစ်ရပ်တွင် ပြောကြားသည်။

သီရိလင်္ကာနိုင်ငံ၌ နှစ်ပေါင်း ၃၀ ကြာမျှ ဖြစ်ပွားခဲ့သည့် ပြည်တွင်းစစ် အဆုံးသတ်ခဲ့ပြီးနောက် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ပြန်လည်ဦးမော့လာသည်။ အထူးသဖြင့် တရုတ်နိုင်ငံသား ခရီးသည်များကို ဆွဲဆောင်လာနိုင်သည်။

သီရိလင်္ကာနိုင်ငံသို့ ဒုတိယအများဆုံး အလည်အပတ်လာရောက်သူများမှာ တရုတ်နိုင်ငံသားများဖြစ်ကြပြီး စစ်ကြောင့် ထိခိုက်ခဲ့ရသော ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကို ပြန်လည်မြှင့်တင်ရာတွင် တရုတ်နိုင်ငံဈေးကွက်မှာ အထူးပင် အရေးကြီးကြောင်း ၎င်းက ပြောကြားသည်။

**ဆင်ဟွာ။**

# ပါကစ္စတန် မြေငလျင်ဘေး ပျက်စီးမှုအခြေအနေ ကွင်းဆင်းလေ့လာရေးအဖွဲ့များ စာရင်းကောက်ယူ

**အစ္စလမ္မာဘတ် နိုဝင်ဘာ ၁**

ပါကစ္စတန်နိုင်ငံ၌ အောက်တိုဘာ ၂၆ ရက်က အင်အားပြင်း မြေငလျင်လှုပ်ခတ်ခဲ့ပြီးနောက် ပျက်စီးထိခိုက်မှုအခြေအနေကို အသေးစိတ်သိရှိနိုင်ရန် ကွင်းဆင်းလေ့လာရေးအဖွဲ့များက စာရင်းကောက်ယူလျက်ရှိကြောင်း ဒေသဆိုင်ရာသတင်းဌာနများက နိုဝင်ဘာ ၁ ရက်တွင် သတင်းထုတ်ပြန်သည်။

ပါကစ္စတန်နိုင်ငံ ခိုင်ဘာပထန်ကာဝါပြည်နယ် အနောက်မြောက်ပိုင်းဒေသနှင့် ယင်းနှင့်ဆက်စပ်နေသော ဒေသများသည် မြေငလျင်ဘေးဒဏ်ကို အဆိုးရွားဆုံး တွေ့ကြုံခံစားခဲ့ရသည်။

မြေငလျင်ဆိုင်ရာ ပျက်စီးထိခိုက်မှုနှင့်ပတ်သက်၍ ကွင်းဆင်းလေ့လာရေးအဖွဲ့ရာပေါင်းများစွာကို စေလွှတ်ထားကြောင်း ပြန်ကြားရေးဝန်ကြီး ပါဗက်ဇ်ရာရှစ်နှင့် အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးအာဏာပိုင်အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်အက်စဂါနာဝပ်တို့က ပူးတွဲပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အဆိုပါ ကွင်းဆင်းလေ့လာရေးအဖွဲ့များတွင် ကြည်းတပ်၊ ဒေသန္တရအစိုးရအဖွဲ့နှင့် ခရိုင်အုပ်ချုပ်ရေးဌာနတို့မှ ကိုယ်စားလှယ်များပါဝင်ကြသည်။

မြေငလျင်ဒဏ်သင့် ပြည်သူများအတွက် ကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်ပေးမည့် အစီအစဉ်နှင့်ပတ်သက်၍ ဗဟိုနှင့် ဒေသန္တရအစိုးရအဖွဲ့များက ထုတ်ပြန်ကြေညာထားပြီးဖြစ်သည်။

ရဟတ်ယာဉ် ရှစ်စင်း၊ စီ-၁၃၀ အမျိုးအစား လေယာဉ်သုံးစင်း၊ ဖော်ကာအမျိုးအစား လေယာဉ်နှစ်စင်းတို့ကို ကယ်ဆယ်ရေးလုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်ရန် စေလွှတ်ပေးထားကြောင်း သတင်းတွင် ဖော်ပြသည်။

**ဆင်ဟွာ။**

# ဘီဘီစီမြန်မာပိုင်းအစီအစဉ်၏ မေးဖြေစရာ ဒီချိန်ခါအစီအစဉ် မန္တလေးမြို့၌ ကျင်းပ




**မန္တလေး နိုဝင်ဘာ ၁**

မြန်မာနိုင်ငံတွင် ပထမဆုံးစီစဉ်တင်ဆက်သည့် ဘီဘီစီ မြန်မာပိုင်းအစီအစဉ်၏ မေးဖြေစရာဒီချိန်ခါအစီအစဉ်ကို ယနေ့ မွန်းလွဲ ၂ နာရီတွင် မန္တလေးမြို့ ဆီဒိုးနားဟိုတယ် အမရပူရခန်းမ၌ ကျင်းပသည်။**(ယာပုံ)**

အစီအစဉ်တွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ဗဟိုအလုပ်အမှုဆောင် ဦးဝင်းမောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုကော်မတီဝင် ဦးဖြိုးဇေယျာသော်၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးစိုင်းညွန့်လွင်နှင့် ကျား/မ တန်းတူညီမျှရေး ကွန်ရက် ညွှန်ကြားရေးမှူး ဒေါ်မေစံပယ်ဖြူတို့က ပင်တိုင်ဆွေးနွေးသူများအဖြစ် တက်ရောက်ကြပြီး နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ၊ နိုင်ငံရေးပါတီများ၊ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ၊ စာရေးဆရာများ၊ အနုပညာရှင်များ၊ ရပ်မိ ရပ်ဖ ဒေသခံပြည်သူများ၊ ပြည်တွင်းပြည်ပသတင်းမီဒီယာများ၊ စိတ်ပါဝင်စားသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြပြီး ဘီဘီစီမြန်မာပိုင်းအစီအစဉ်ဌာနမှူး ဒေါ်တင်ထားဆွေက အစီအစဉ်တင်ဆက်သူအဖြစ် ဆောင်ရွက်သည်။

အစီအစဉ်သို့ တက်ရောက်လာကြသူများ၏ မေးခွန်းများနှင့် စိတ်ပါဝင်စားသူများက onlineမှ မေးမြန်းသည့် မေးခွန်းများကို ပင်တိုင်ဆွေးနွေးသူများက ပြန်လည်ဆွေးနွေးဖြေကြားခဲ့ကြသည်။

အဆိုပါအစီအစဉ်ကို နိုဝင်ဘာ ၂ ရက်နှင့် ၃ ရက်တို့တွင် ဘီဘီစီ ညပိုင်းအစီအစဉ်မှ ထုတ်လွှင့်မည်ဖြစ်ပြီး www.bbcburmese.com တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ရေဘေးသင့် ဘုန်းတော်ကြီးကျောင်းများသို့ သာသနာရေးဝန်ကြီးဌာနမှတစ်ဆင့် အလှူငွေများ ဆက်လက်လှူဒါန်းလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁**

ရေကြီးရေလျှံမှုကြောင့် ရခိုင်ပြည်နယ် မင်းပြားမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်တို့တွင် အသင့်အတင့်ပျက်စီးခဲ့သော ပြန်လည်ပြုပြင်ရန်ကျန်ရှိသည့် ဘုန်းတော်ကြီးကျောင်း ၃၇ ကျောင်းအတွက် စေတနာရှင် ရဟန်းရှင်လူပြည်သူများက သာသနာရေးဝန်ကြီးဌာနသို့ လာရောက်လှူဒါန်းသည့် အလှူငွေများမှ အလှူငွေ ၂၆၇ သိန်း ၆ သောင်းကျပ်ကို အောက်တိုဘာ ၃၁ ရက်တွင် ရခိုင်ပြည်နယ် သာသနာရေးမှူးမှတစ်ဆင့် ထပ်မံပေးပို့လှူဒါန်းပြီးဖြစ်ကြောင်း သိရသည်။

အလားတူ အောက်တိုဘာ ၁၂ ရက်တွင် ဧရာဝတီမြစ် ရေလျှံမှုကြောင့် မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ဘန့်ပြင်ကျေးရွာ မဟာစည်သာသနာ့ရိပ်သာကျောင်း ရေဝင်နစ်မြုပ်ပျက်စီးမှုများပြုပြင်ရန်အတွက် ငွေကျပ်သိန်း ၅၀ ကို အောက်တိုဘာ ၃၁ ရက်တွင် မကွေးတိုင်းဒေသကြီး သာသနာရေးမှူးမှတစ်ဆင့် ပေးပို့လှူဒါန်းခဲ့သည်။

စေတနာရှင် ရဟန်းရှင်လူပြည်သူများက သာသနာရေးဝန်ကြီးဌာနသို့ လာရောက်လှူဒါန်းသည့် အလှူငွေများမှ ရေကြီးရေလျှံမှု၊ မြေပြိုမှုဒဏ်ခံခဲ့ရသည့် ဘုန်းတော်ကြီးကျောင်း ၂၀၉ ကျောင်းနှင့် ခရစ်ယာန်ဘုရားရှိခိုးကျောင်း ၂၄ ကျောင်းတို့ကို ပြန်လည်ပြုပြင်တည်ဆောက်ရန်အတွက် အလှူငွေ ၆၅၆၅ သိန်း ၆ သောင်း ၅ ထောင်ကျပ်ကို သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက သက်ဆိုင်ရာဒေသများသို့ စက်တင်ဘာလအတွင်း လှူဒါန်းခဲ့ပြီးဖြစ်သည်။

မြန်မာနိုင်ငံတစ်ဝန်း ရေကြီးရေလျှံမှုဒဏ်ခံခဲ့ရသည့် ဘုန်းတော်ကြီးကျောင်း ၂၄၇ ကျောင်းနှင့် ခရစ်ယာန်ဘုရားရှိခိုးကျောင်း ၂၄ ကျောင်းတို့သို့ လှူဒါန်းငွေစုစုပေါင်းမှာ ၆၈၈၃ သိန်း ၂ သောင်း ၅ ထောင်ကျပ်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# သထုံခရိုင်အတွင်း မဲရုံ ၂၃ ရုံအား စောင့်ကြည့်လေ့လာသူ ၄၅ ဦးအသုံးပြုကာ ဖန်တီးအိမ်အဖွဲ့မှ စောင့်ကြည့်မည်

**သထုံ နိုဝင်ဘာ ၁**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မွန်ပြည်နယ် သထုံခရိုင်အတွင်းရှိ မဲရုံ ၂၃ ရုံအား ဖန်တီးအိမ်အဖွဲ့မှ စောင့်ကြည့်လေ့လာသူ ၄၅ ဦးဖြင့် လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲဖြစ်ရေးအတွက် လေ့လာစောင့်ကြည့်သွားမည်ဖြစ်ကြောင်း သိရသည်။

"သထုံခရိုင်ထဲက မြို့နယ်လေးခုမှာတော့ အားလုံးစောင့်ကြည့်သူ ၄၅ ဦးရှိလို့ မဲရုံတစ်ရုံကို နှစ်ဦးနှုန်းနဲ့ မဲရုံပေါင်း ၂၃ ရုံလောက်ကို စောင့်ကြည့်နိုင်မှာဖြစ်ပါတယ်။ မွန်ပြည်နယ်တစ်ခုလုံး ဆိုရင်တော့ မြို့နယ် ခုနစ်မြို့နယ်က မဲရုံ ၃၅ ရုံကို စောင့်ကြည့်သူ ၇၀ အသုံးပြုသွားမှာ ဖြစ်ပါတယ်"ဟု ဖန်တီးအိမ်အဖွဲ့၏ မွန်ပြည်နယ်တာဝန်ခံ ကိုစိန်ပန်းက ဆိုသည်။

အဆိုပါစောင့်ကြည့်သူများကို အောက်တိုဘာ ၃၁ ရက်က သထုံမြို့ ကျုံးကြီးလမ်းရှိ ကရင်နှစ်ခြင်းအသင်းတော်နှင့် နိုဝင်ဘာ ၁ ရက်တွင် မော်လမြိုင်မြို့ မွန်မြတ်သောအိမ်ထောင်စုတို့တွင် စောင့်ကြည့်လေ့လာရေးသင်တန်းများ ဖွင့်လှစ်ပေးပြီး စောင့်ကြည့်သူတို့၏ ကျင့်ဝတ်၊ အခွင့်အရေး၊ ဝတ္တရားများ၊ လေ့လာရမည့်အရာများ၊ မဲရုံလုပ်ငန်းစဉ်များကို ဆွေးနွေးပို့ချပေးမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

"ကျွန်မတို့အဖွဲ့အနေနဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ် ၁၅ ခုမှာရှိတဲ့ မဲရုံပေါင်း ၈၀၀ မှာ လူဦးရေ ၁၆၀၀ အသုံးပြုပြီး လေ့လာစောင့်ကြည့်သွားမှာဖြစ်ပြီး အဓိကစောင့်ကြည့်မှာကတော့ အမျိုးသမီးတွေ ရွေးကောက်ပွဲမှာ ဘယ်အတိုင်းအတာအထိ ပါဝင်ပတ်သက်နိုင်ပြီလဲဆိုတာကိုပါ။ သမာသမတ်ကျပြီး လွတ်လပ်တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်ဖို့အတွက် အပြုသဘောဆောင် တွန်းအားပေးနိုင်ဖို့ စောင့်ကြည့်လေ့လာခြင်းဖြစ်ပြီး ဘယ်ပါတီအနိုင်ရသည်ဖြစ်စေ ရွေးကောက်ပွဲ ဖြစ်စဉ်အပေါ်မှာပဲ ရှုမြင်သုံးသပ်သွားမှာဖြစ်ပါတယ်"ဟု ဖန်တီးအိမ်အဖွဲ့မှ သတင်းအချက်အလက် တာဝန်ခံ ဒေါ်လတ်လတ်မြင့်က ပြောသည်။

မွန်ပြည်နယ်တွင် ဖန်တီးအိမ်၊ People Alliance For Credible Elections (PACE)၊ အမျိုးသားလူငယ်ကွန်ဂရက်၊ စကားဖြူနှင့် Rain Maker အဖွဲ့တို့သည် ပြည်နယ်ကော်မရှင်၏ ခွင့်ပြုချက်ဖြင့် မွန်ပြည်နယ်တစ်ခုလုံးကို စောင့်ကြည့်မည်ဖြစ်ပြီး ကျိုက်ထိုမြို့နယ်လုံးဆိုင်ရာ စောင့်ကြည့်ရေးအဖွဲ့သည် ကျိုက်ထိုမြို့နယ်နှင့် မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်ရုံးတို့သည် လမိုင်းမြို့နယ်တို့တွင် စောင့်ကြည့်မည်ဖြစ်ကာ စောင့်ကြည့်သူဦးရေစုစုပေါင်း ၃၉၄ ဦး ရှိကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**





# ရွေးကောက်ပွဲမဲပေးရာ၌ တံဆိပ်တုံးထုရာတွင် ပယ်မဲမဖြစ်စေရေး ရပ်/ကျေးရှိလေ့လာစောင့်ကြည့်ရေးအဖွဲ့က အသိပညာပေးသင်ကြားပြသနေ

**ရွှေဘို နိုဝင်ဘာ ၁**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကြီးကျင်းပရန် ၇ ရက်သာလိုတော့သည်။ အထွေထွေရွေးကောက်ပွဲကြီး၌ တရားမျှတပြီး လွတ်လပ်သော မဲပေးမှုဖြစ်ပေါ်စေရန်အတွက် ရပ်/ကျေးရှိ အရပ်ဘက်လူမှုအဖွဲ့အစည်းဖြစ်သော ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးအဖွဲ့က ရွေးကောက်ပွဲမဲပေးရာမှာ တံဆိပ်တုံးထုရာတွင် ပယ်မဲမဖြစ်စေရန် အသိပညာပေးသင်ကြား ပြသနေကြကြောင်း ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးအဖွဲ့ တာဝန်ရှိသူ ဦးညွန့်ဝင်းထံမှ သိရသည်။

အဆိုပါရွေးကောက်ပွဲ မဲပေးရာ၌ တံဆိပ်တုံးထုရာတွင် ပယ်မဲမဖြစ်စေရန် အသိပညာပေးသင်ကြားပြသနေမှုကို စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် ကန်သစ်ကျေးရွာတွင် နိုဝင်ဘာ ၁ ရက်မှစ၍ ရပ်/ကျေးရှိ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးအဖွဲ့က တစ်အိမ်တက်ဆင်းပြီး ပယ်မဲမဖြစ်စေရန် ဆောင်ရန် ရှောင်ရန်များ အသိပညာပေး သင်ကြားပြသနေကြကြောင်း၊ တံဆိပ်တုံးထုရာတွင် ပယ်မဲမဖြစ်စေရေးအတွက် ဆောင်ရန်မှာ မဲရုံသို့ မဲသွားပေးသည့်အခါ မဲဆန္ဒရှင်၏ နိုင်ငံသားစိစစ်ရေးကတ်ယူဆောင်သွားရန်၊ မိမိမဲဆန္ဒပေးမည့် အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်၊ တိုင်းရင်းသားလူမျိုးစု စသည့် ကိုယ်စားလှယ်လောင်းများ၏ နာမည်နှင့် တစ်တန်းတည်းဖြစ်သော တံဆိပ်အမှတ်အသားဘေးရှိ ကွက်လပ်၌ ပေးထားသည့် တံဆိပ်တုံးထုပုံထုနည်းကို လည်းကောင်း၊ ရှောင်ရန်ဖြစ်သော မဲရုံမှူးလက်မှတ် ပါ/မပါ၊ မဲလက်မှတ် အစုတ်အပြဲအပေါက် ပါ/မပါ၊ မင်စွန်း အရောင်ကွက်/ပျက်မှု ရှိ/မရှိ တံဆိပ်တုံးထုပြီး ခဏအကြာ၌ မဲပြားခေါက်ရန်၊ အဆင်မပြေ လိုအပ်မှုရှိပါက မဲရုံတာဝန်ရှိသူများအား မေးမြန်းတောင်းဆိုရန်၊ ဖြစ်နိုင်ပါက နံနက် ၆ နာရီ မတိုင်ခင် မဲရုံသို့သွားပြီး စီတန်းနေရာယူထားရန်၊ အကယ်၍ မိမိမဲမပေးရသေးလျှင်လည်း ညနေ ၄ နာရီမထိုးမီ မဲရုံပရဝဏ်အတွင်းသို့ ရောက်အောင်သွားရန်၊ မဲပေးရာတွင် ပိုမိုလွယ်ကူလျင်မြန်စေရန်အတွက် မဲပေးပိုင်ခွင့်ရှိကြောင်း သက်သေခံစာရွက်ကို ကော်မရှင်ထံမှ ကြိုတင်ထုတ်ယူထားရန် လိုအပ်ပုံတို့ကို အသိပညာပေးဆွေးနွေးကြကြောင်း သိရသည်။

ယင်းကျေးရွာရှိ မဲဆန္ဒရှင် အိမ်ရှင်မတစ်ဦးက "ကျွန်မတို့မှာ မဲပေးပုံပေးနည်းနဲ့ပတ်သက်လို့ အရင်က ဘာဆိုဘာမှ မသိပါဘူး။ အခုလို ပညာပေးဆွေးနွေးခွင့်ရလို့ ပယ်မဲမဖြစ်အောင် မဲပေးတတ်သွားပါတယ်။ မဲပေးပုံပေးနည်းမသိဘဲနဲ့ သွားပြီး မဲပေးခဲ့မယ်ဆိုရင် ပယ်မဲဖြစ်သွားမယ်ဆိုတာ သေချာပါတယ်။ ဒါကြောင့် မဲဆန္ဒရှင်တွေက မဲပေးပုံပေးနည်းတွေကို ကြိုတင်လေ့လာထားသင့်ပါတယ်"ဟု ပြောသည်။

**(ရောင်နီတင်ဝင်း)**

စာအုပ်စာပေ
လူ့မိတ်ဆွေ

၂၀၁၄ ခုနှစ် နိုဝင်ဘာလအတွင်း နေပြည်တော်၌ကျင်းပခဲ့သည့် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် အာဆီယံအစိမ်းရောင်စီးပွားရေးဌာန(ASEAN Institute for Green Economy- AIGE)တစ်ခုကို မြန်မာနိုင်ငံ (ရန်ကုန်မြို့)၌ ဖွင့်လှစ်တည်ထောင်နိုင်မှု တစ်နှစ်ပြည့်အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါး -

# အစိမ်းရောင်စီးပွားရေး စဉ်ဆက်မပြတ် ဖွံ့ဖြိုးစေဖို့




## အစိမ်းရောင်စီးပွားရေး အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုအတွက်

အစိမ်းရောင်စီးပွားရေး အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုအတွက် အစိုးရအဖွဲ့အစည်းများသာမက ပြည်တွင်းရှိ လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနဲ့ ပူးပေါင်းပြီး GEGG (မြန်မာ)အဖြစ် ဖွဲ့စည်းကာ အကျိုးအမြတ်မယူတဲ့ စီးပွားရေး၊ လူမှုရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွေကို ဦးတည် ဆောင်ရွက်လျက်ရှိပါတယ်။

(နိုင်ငံတော်သမ္မတ၏ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်နေ့ နေပြည်တော် MICC – 2 ၌ ကျင်းပသည့် စတုတ္ထအကြိမ်မြောက် အစိမ်းရောင်စီးပွားရေး အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှု ဖိုရမ်ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

ဆောင်းပါး ›› မြင့်မောင်စိုး

ကမ္ဘာကြီးတွင် သဘာဝသယံဇာတများ အလွန်အကျွံ ထုတ်ယူသုံးစွဲမှုများကြောင့် ဂေဟစနစ်များ ပျက်စီးကာ အမျိုးမျိုးသော သဘာဝဘေးအန္တရာယ်များနှင့် ရင်ဆိုင်နေကြရပါသည်။

မိုးခေါင်ခြင်း၊ ရေကြီးခြင်း၊ မြေပြိုခြင်း၊ တောမီးလောင်ခြင်း အစရှိသော ဘေးအန္တရာယ်အမျိုးမျိုးနှင့် ရင်ဆိုင်ကြုံတွေ့နေရသည့်အတွက် နောက်ဆက်တွဲ ဆိုးကျိုးများအဖြစ် လူသားတို့၏ နေ့စဉ်ဘဝရပ်တည်ရေး လူမှုရေး၊ စီးပွားရေးနှင့် ကျန်းမာရေးထိခိုက်မှုများအထိ ခြိမ်းခြောက်လျက်ရှိပါသည်။

ထို့ကြောင့်လည်း စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် ပတ်ဝန်းကျင်ဂေဟစနစ်ကို ထိခိုက်ပျက်စီးယိုယွင်းမှုမရှိသည့် စီးပွားရေးလုပ်ငန်းများအဖြစ် ပြုပြင်ပြောင်းလဲလုပ်ဆောင်သွားကြရန် ပညာရှင်တို့က တိုက်တွန်းနေကြပြီဖြစ်သည်။

တစ်နည်းအားဖြင့် အစိမ်းရောင်စီးပွားရေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်သွားရန် ဆော်ဩတိုက်တွန်းနေကြခြင်း ဖြစ်ပါသည်။

ကမ္ဘာပေါ်တွင် ဖွံ့ဖြိုးပြီးနိုင်ငံများသာမက ဖွံ့ဖြိုးဆဲနိုင်ငံများ၌ပါ စီးပွားရေးလုပ်ငန်းများ အပြိုင်အဆိုင် ရင်းနှီးမြှုပ်နှံ ချဲ့ထွင်လုပ်ကိုင်ကြရာတွင် သဘာဝပတ်ဝန်းကျင်အရင်းအမြစ်များကို ဆိုးရွားစွာထိခိုက်ပျက်စီးလျက်ရှိပါသည်။ သစ်တောများပြုန်းတီးလာခြင်း၊ မြေဆီလွှာများ ပျက်စီးယိုယွင်းလာခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ရှားပါးလာခြင်း၊ မိုးခေါင်ခြင်း၊ ရေကြီးခြင်း၊ ဆိုးရွားသောမုန်တိုင်းများ ဖြစ်ပေါ်ခြင်း စသော သဘာဝဘေးများနှင့် ရင်ဆိုင်နေကြရပါသည်။

မြန်မာနိုင်ငံတွင်လည်း လွန်ခဲ့သော ဆယ်စုနှစ်အတွင်း နာဂစ်မုန်တိုင်းကဲ့သို့ ဆိုးရွားသော သဘာဝဘေးအန္တရာယ်များနှင့် ကြုံတွေ့လာရသည်။ ယခုနှစ် ဇွန်၊ ဇူလိုင်နှင့် ဩဂုတ်လများအတွင်း ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများသည်လည်း သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးလာခြင်း၏ အကျိုးဆက်အကြောင်းတရားများဖြစ်သည်ကို တွေ့ရမည်ဖြစ်ပါသည်။

ကုလသမဂ္ဂ အာရှနှင့် ပစိဖိတ်ဒေသစီးပွားရေးနှင့် လူမှုရေးဆိုင်ရာကော်မရှင်(ယူနက်စကတ်)၏ မကြာသေးမီက ထုတ်ပြန်ချက်အရ အာရှနှင့် ပစိဖိတ်ဒေသ၌ ၂၀၀၅ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ သဘာဝဘေးအန္တရာယ် ဖြစ်စဉ်ပေါင်း ၁၆၂၅ ကြိမ်ဖြစ်ပွားခဲ့ရာ ဘေးအန္တရာယ်များကြောင့် လူ့အသက်ပေါင်း ငါးသိန်းခန့် သေကျေပျက်စီးခဲ့ရသည်ဟု ဆိုထားသည်။ အာရှနှင့် ပစိဖိတ်ဒေသအတွင်း နိုင်ငံများ၌ မုန်တိုင်းဒဏ် မကြာခဏကြုံတွေ့ရခြင်း၊ ရေကြီးခြင်း၊ မြေပြိုခြင်း၊ ဆူနာမီဖြစ်ပေါ်ခြင်း၊ မြေငလျင်လှုပ်ခြင်းစသော သဘာဝဘေးအန္တရာယ်များနှင့် ရင်ဆိုင်နေကြရပါသည်။ ရေကြီးရေလျှံမှုနှင့် မုန်တိုင်းကဲ့သို့သော သဘာဝဘေးအန္တရာယ်များသည် နှစ်စဉ်နှစ်တိုင်း မိုးရာသီကာလတွင် နိုင်ငံတိုင်းနီးပါး ရင်ဆိုင်ကြုံတွေ့နေကြရစမြဲဖြစ်ပါသည်။

ဤကဲ့သို့သော သဘာဝဘေးအန္တရာယ်များသည် တားဆီး၍ မရနိုင်သော်လည်း ထိခိုက်မှုအနည်းဆုံးဖြစ်အောင် အစီအမံများချမှတ်၍ ဆောင်ရွက်နိုင်စွမ်းရှိပါသည်။ တစ်နည်းအားဖြင့် သဘာဝဘေးအန္တရာယ်များ လျော့ပါးသက်သာအောင် ဆောင်ရွက်ရာတွင် ဤကမ္ဘာမြေ၏ မြေထု၊ လေထုနှင့် ရေထုတို့ကို ထိခိုက်ပျက်စီးယိုယွင်းမှု အနည်းဆုံးဖြစ်အောင် လုပ်ဆောင်ခြင်းပင်ဖြစ်ပါသည်။ ဤသည်ကိုပင် ပညာရှင်တို့၏အဆိုအရ အစိမ်းရောင်လောက စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းဟု ဆိုနိုင်ပါသည်။

ထို့ကြောင့်လည်း ဘရာဇီးနိုင်ငံတွင် ၁၉၉၂ နှင့် ၂၀၁၂ ခုနှစ်တို့က ကမ္ဘာကြီးက ရေရှည်တည်တံ့ရေးအတွက် ကမ္ဘာမြေထိပ်သီးညီလာခံကို နှစ်ကြိမ်တိုင်တိုင် ကျင်းပခဲ့ပါသည်။ ၂၀၁၂ ခုနှစ်တွင် ကျင်းပခဲ့သည့် Rio+20 ညီလာခံတွင် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေးအတွက် အစိမ်းရောင်စီးပွားရေးကို မဖြစ်မနေဖော်ဆောင်သွားနိုင်ရန် အဓိကထား ဆွေးနွေးခဲ့ကြပါသည်။



မြန်မာနိုင်ငံအနေဖြင့်လည်း Rio+20 ကြေညာချက်များနှင့်အညီ ကာဗွန်ထုတ်လုပ်မှုနည်းပါးပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူပြုသည့် စီးပွားရေးလုပ်ငန်းများအဖြစ် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လျက်ရှိပါသည်။ အထူးသဖြင့် စွမ်းအင်ထိရောက်စွာ အသုံးပြုရေးနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ဖွံ့ဖြိုးရေး၊ စဉ်ဆက်မပြတ် စိုက်ပျိုးမွေးမြူရေး၊ သစ်တောများ ဇီဝမျိုးစုံမျိုးကွဲများ၊ ရေသယံဇာတနှင့် ဂေဟစနစ်ထိန်းသိမ်းရေး၊ မြေအသုံးချမှုစနစ်တကျဖြစ်စေရေး၊ သဘာဝဘေးအန္တရာယ်ကျရောက်မှု လျော့နည်းသက်သာစေရေး၊ ရေရှည်တည်တံ့သည့် အစိမ်းရောင်မြို့ကြီးများ ဖြစ်ပေါ်လာရေး၊ ဘေးအန္တရာယ်ဖြစ်စေသည့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲရေး၊ သမုဒ္ဒရာပင်လယ်နှင့် ကမ်းရိုးတန်းဒေသများ ထိန်းသိမ်းရေး၊ သဘာဝသယံဇာတများ ထုတ်ယူသုံးစွဲရာတွင် ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေရေးတို့ကို အလေးထားဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် ယခုနှစ် နှစ်ဆန်းပိုင်းကလည်း နေပြည်တော်၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် အစိမ်းရောင်စီးပွားရေး အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုအဖွဲ့ မြန်မာ Green Economy Green Growth-GEGG (Myanmar) တို့ ပူးပေါင်းကာ စတုတ္ထအကြိမ် အစိမ်းရောင် စီးပွားရေး အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှု ဖိုရမ်ကို နေပြည်တော်၌ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်။

ဤဖိုရမ်တွင် အဓိကအားဖြင့် ထာဝစဉ်တည်တံ့စေသော သဘာဝသယံဇာတများ၊ လူမှုရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ကျယ်ပြန့်သော ပူးပေါင်းဆောင်ရွက်မှုနှင့် နက်ရှိုင်းသော ပေါင်းစပ်ဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားရေး၊ အစိမ်းရောင်ထုတ်ကုန်မြှင့်တင်ရေး၊ ခံနိုင်ရည်ရှိသည့် အစိမ်းရောင်အခြေခံစနစ်များ တည်ဆောက်ရေး၊ တာဝန်ရှိမှုတာဝန်ယူမှုရှိပြီး ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းဖော်ဆောင်ရေးစသည်ဖြင့် ဆွေးနွေးခဲ့ကြပါသည်။

တစ်ဖန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သားငါးကဏ္ဍများအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်နေပြည်သူများ၏ စီးပွားရေးနှင့် လူမှုရေး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လည်းကောင်း၊ မြန်မာနိုင်ငံ ပို့ဆောင်ရေးအခြေခံအဆောက်အအုံများအား သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတမျှတစွာ သယ်ယူပို့ဆောင်ရေးကဏ္ဍကို စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင်းနိုင်ငံများ၏ အတွေ့အကြုံများကို အခြေခံပြီး ဧရာဝတီမြစ်ဝှမ်းအတွင်း စိုက်ပျိုးထုတ်လုပ်မှုအတွက် သဘာဝသယံဇာတ အရင်းအမြစ်များ၊ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် လည်းကောင်း ဆွေးနွေးခဲ့ကြသည်ကို သတိပြုမိပါသည်။

ရှေးအခါက လူတို့အနေဖြင့် ဖွံ့ဖြိုးတိုးတက်မှုသာ အဓိက၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးသည် ဒုတိယဟူသည့် အတွေးအခေါ်များဖြင့် စီးပွားရေးကောင်းမွန်ရန်အတွက်သာ စဉ်းစားလုပ်ဆောင်ခဲ့ကြသည့်အတွက် ကမ္ဘာမြေ ပူနွေးလာခြင်းနှင့်အတူ သဘာဝဘေးအန္တရာယ်များကို ရင်ဆိုင်လာကြရပါသည်။

မျက်မှောက်ခေတ်တွင် ထိုအတွေးအခေါ် အယူအဆမှာ ပြောင်းလဲသွားခဲ့ပြီဖြစ်ပါသည်။ စီးပွားရေးလုပ်ငန်းတစ်ခု လုပ်ဆောင်သည့်အခါတိုင်း ပတ်ဝန်းကျင် ထိခိုက်ပျက်စီးယိုယွင်းခြင်းမရှိအောင် ပညာရှင်တို့က ထည့်သွင်းစဉ်းစားလုပ်ဆောင်နေကြပြီဖြစ်ပါသည်။

သို့သော် မတူညီသော လူ့ဘောင်အဖွဲ့အစည်းအတွင်း အခက်အခဲများနှင့်စိန်ခေါ်မှုများရှိကောင်းရှိနိုင်ပါသည်။ အတူတကွ ပူးပေါင်းလုပ်ဆောင်သည့် အလေ့အထရှိမှသာလျှင် အောင်မြင်မှုများ ရရှိနိုင်မည်ဖြစ်ပါသည်။ စုပေါင်းလုပ်ဆောင်တတ်သည့် စိတ်ဓာတ်နှင့် လုပ်ဆောင်နိုင်သည့်စွမ်းရည်များရှိလျှင် စိန်ခေါ်မှုများကို အောင်မြင်စွာ ကျော်လွှားနိုင်မည်ဖြစ်ပါသည်။

ပိုမိုကောင်းမွန်သော အနာဂတ်လူမှုဘဝပတ်ဝန်းကျင်ကောင်းများ ဖြစ်ထွန်းလာစေရေးအတွက် အစိမ်းရောင် စီးပွားရေးနှင့် အစိမ်းရောင်လောက စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သယံဇာတများ ပြုန်းတီးမှုမရှိအောင် ထိန်းသိမ်းဆောင်ရွက်ရေး၊ သစ်တောပြုန်းတီးမှုများ လျှော့ချနိုင်ရေး၊ စီးပွားရေးလုပ်ငန်းများတွင် ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်အောင် ဆောင်ရွက်ရေး စသော အစီအမံများ၊ အစီအစဉ်များကို အရှိန်အဟုန်မြှင့်တင်လျက် မိမိတို့ကျရာအခန်းကဏ္ဍ အသီးသီးတို့မှ အားကြိုးမာန်တက် ဝိုင်းဝန်းဆောင်ရွက်သွားသင့်သည်ဟု ရေးသားတင်ပြလိုက်ရပါသည်။ ။

## ပြည်တွင်းရေးရာ

**ကျော်ဖုံးမှ**

ရခိုင်ရိုးမနောက်ခံနှင့်အတူ စိမ်းစိုနေသော အပူပိုင်းသစ်တောများဖြင့် သဘာဝအတိုင်းလှပနေသည့် ငွေဆောင်ကမ်းခြေသည် နိုင်ငံခြားသား ခရီးသွားဧည့်သည်များနှင့် ပြည်တွင်းခရီးသွားဧည့်သည်များအတွက် အပန်းဖြေအနားယူရာ ဆွဲဆောင်မှုအရှိဆုံး ကမ်းခြေတစ်ခုဖြစ်လို့နေသည်။

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့မှ အနောက်ဘက်မိုင် ၃၀ ခန့်ကွာဝေးသည့် ငွေဆောင်ကမ်းခြေ အပန်းဖြေစခန်းကို ပြည်တွင်းပြည်ပ ခရီးသွားများ အပန်းဖြေရာစခန်းတစ်ခုအဖြစ် ၂၀၀၀ ပြည့်နှစ်မှ စတင်ဖွင့်လှစ်ခဲ့သည်။

"အရင်က ဒီနေရာက တောကြီးပါ။ ငွေဆောင်မဟုတ်သေးဘူး။ ငဆော်လို့ခေါ်တယ်။ ငွေဆောင်မရှိခင်က ပုသိမ်ကို တောလမ်းအတိုင်းခြေကျင်သွားရတယ်။ အခုတော့ လမ်းပန်းဆက်သွယ်ရေးတွေလည်း ကောင်းလာတယ်"ဟု ငွေဆောင်မြို့ ဘူးကွဲရွာတွင်နေထိုင်သူ ဒေါ်ညွန့်ရီက ပြောသည်။

ဘင်္ဂလားပင်လယ်အော်ကို မျက်နှာမူနေသည့် ငွေဆောင်ကမ်းခြေအပန်းဖြေစခန်းသို့ ပုသိမ်မြို့မှ သလပ်ခွာကျေးရွာထိ လာရာလမ်းတစ်လျှောက်မှာ မြေပြန့်ဒေသဖြစ်ပြီး သလပ်ခွာကျေးရွာမှ ငွေဆောင်ကမ်းခြေကြားအနောက်ရိုးမတောင်တန်းကြီးကို တစ်တောင်တက်တစ်တောင်ဆင်းဖြင့် ကမ်းခြေရောက်သည်အထိ အကွေ့အကောက်များဖြင့် ဖောက်လုပ်ထားသည်ကိုတွေ့ရသည်။

ထို့ပြင် လမ်းခုလတ်တွင်ရှိ သစ်ထုတ်လုပ်ရေးဆင်စခန်းတွင် ဆင်များမွေးမြူထားသည့်အတွက် နိုင်ငံခြားသားခရီးသွားဧည့်သည်များအား ဆွဲဆောင်လျက်ရှိနေပြန်သည်။

"ခရီးသွားလုပ်ငန်းသဘောကတော့ ဖိုက်စတားဟိုတယ်မှ မဟုတ်ပါဘူး။ လမ်းဘေးဈေးသည်တွေအထိ အထောက်အကူပြုတယ်။ နိုင်ငံခြားသားတွေအနေနဲ့ ဘယ်လိုကြောင့်ပဲလာလာ ငွေသုံးစွဲကြတယ်။ ဒေသခံတွေအတွက်လည်း ဝင်ငွေတိုးလာမယ်၊ အလုပ်အကိုင်တွေရလာမယ်"ဟု ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်က ပြောကြားသည်။

ငွေဆောင်ဒေသသည် ပင်လယ်ငါးဖမ်းလုပ်ငန်းနှင့် အုန်းခြံစိုက်ပျိုးခြင်းလုပ်ငန်းကို အဓိကထား လုပ်ကိုင်ကြသော်လည်း ငွေဆောင်အပန်းဖြေစခန်းဖွင့်လှစ်ပြီးနောက်ပိုင်းဒေသထွက် ငါးပိ၊ ငါးခြောက် ရေထွက်ပစ္စည်းများရောင်းဝယ်သည့်လုပ်ငန်း၊ ခရုအလှဆင်ပစ္စည်းများရောင်းဝယ်သည့်လုပ်ငန်းတို့အပြင် ငွေဆောင်ကမ်းခြေတစ်လျှောက် အုန်းသီးနှင့် ပုစွန်ကင်၊ ငါးကင်များရောင်းဝယ်ခြင်းဖြင့် စားဝတ်နေရေးပြေလည်မှုများရှိကြောင်း ဒေသခံဒေါ်ညွန့်ရီက ပြောသည်။

"ဒီနေရာက လူတွေ နဂိုက တောင်ယာလုပ်တယ်။ တံငါလုပ်တယ်။ လယ်လုပ်တယ်။ အခု ဟိုတယ်တွေဖွင့်လာတော့ လူငယ်တွေအလုပ်အကိုင်တွေရလာတယ်။ စားဝတ်နေရေးလည်း ပြေလည်ကြတယ်။ ချစ်သူများကျွန်းဆို အလွန်စည်တာ။ ဈေးဆိုင်တွေနဲ့ ပုစွန်ကင်တို့ ငါးကင်တို့၊ အုန်းစိမ်းအရည်သောက်တို့ အကုန်လုံးရောင်းကြတယ်။ ဒေသထွက်ဆိုတော့ ခရီးသွားတွေကလည်း ဝယ်တယ်။ ဒီတော့ ဒေသခံတွေဝင်ငွေရတယ်" ဟု ၎င်းက ဆိုသည်။

ငွေဆောင်ကမ်းခြေတစ်လျှောက် ဖြူလွှလွှသဲသောင်ပြင်ပေါ်တွင် သန့်ရှင်းသော လေနုအေးကို အားပါးတရရှူရှိုက်ရင်း လမ်းလျှောက်နေသည့် အသက်(၈၀)အရွယ် ဦးချစ်တင်က "အဘက ဒီမှာမွေး၊ ဒီမှာကြီးတာ။ မနက်တိုင်းသောင်ပြင်မှာလမ်းလျှောက်တယ်။ ကျန်းမာရေးအတွက်လေ။ အသက်ကကြီးလာပြီဆိုတော့ လေကောင်းလေသန့်ရတဲ့အပြင် ညီညာချောမွေ့တဲ့ သဲသောင်ပြင်မှာလမ်းလျှောက်ရတာ စိတ်လက်ကြည်သာတယ်။ အဘတို့ ငယ်ငယ်ကတည်းက ကမ်းခြေနဲ့ အခုကမ်းခြေက ဘာမှမပြောင်းလဲဘူး။ အမြဲသန့်ရှင်းနေတာပါပဲ" ဟုပြောသည်။

ငွေဆောင်ကမ်းခြေကို အမှီပြုပြီး ငွေဆောင်မြို့နှင့် တစ်ဆက်တည်း ဇီးမော်ရွာ၊ ဘူးကွဲရွာ၊ မကျည်းမော်ရွာ၊ သဇင်ရွာတို့မှ ဒေသခံများအပြင် ပုသိမ်မြို့နှင့် အခြားမြို့နယ်များမှ စားဝတ်နေရေးအတွက် အလုပ်လာရောက်လုပ်ကိုင်ကြသော်လည်း ကမ်းခြေသန့်ရှင်းရေးအတွက် အထူးဂရုစိုက်ကြကြောင်း မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့မှ ဥက္ကဋ္ဌ ဦးစိုးသိန်းက ပြောပြသည်။

ငွေဆောင်ကမ်းခြေတွင် ပုစွန်ကင်၊ ငါးကင်များကို ဈေးဗန်းရွက်ကာရောင်းချနေသည့် ဇီးမော်ရွာမှ မစန်းစန်းအေးက " ဒီကမ်းခြေလာတဲ့ ဧည့်သည်တိုင်းက ဒီလိုအကင်တွေဝယ်စားကြတယ်။ ကျွန်မတို့လို ဈေးသည်တွေက အပန်းဖြေလာတဲ့ ဧည့်သည်တွေစားသမျှ စားကြွင်းစားကျန်နဲ့ အမှိုက်တွေကို ကိုယ့်ဟာကိုယ် ပြန်သိမ်းပေးတယ်။ အုန်းသီးရောင်းတဲ့သူတွေကလည်း ကိုယ့်အမှိုက်ကိုယ်သိမ်းကြတယ်။ ကမ်းခြေသန့်ရှင်းမှ ဧည့်သည်လာမှာ။ ဧည့်သည်လာမှ ကျွန်မတို့အတွက် အဆင်ပြေမှာ"ဟု ပြောသည်။

"ငွေဆောင်ကမ်းခြေက ပုံမှန်ဆိုရင် စနေ၊ တနင်္ဂနွေနေ့တွေ ဧည့်သည်အလာများတယ်။ အထူးသဖြင့်တော့ နှစ်သစ်ကူးရက်နဲ့ သင်္ကြန်ပွဲတော်ရက်တွေမှာ ဧည့်သည်အလာများတဲ့အတွက် အဲဒီရက်တွေဆို တစ်နေ့ကို ခြောက်သောင်းဖိုးလောက် ဈေးရောင်းရတယ်။ ကျန်တဲ့ရက်ကတော့ စားရုံသောက်ရုံလောက်ပဲရောင်းရတယ်" ဟု ၎င်းက ဆက်ပြောသည်။

ငွေဆောင်ကမ်းခြေတွင် ဟိုတယ် ၂၃ လုံး၊ အခန်းပေါင်း ၁၁၂၇ ခန်းရှိပြီး ၂၀၁၄ ခုနှစ် စက်တင်ဘာလအထိ ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည် ၄၇၀၀၀ လာရောက်ခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ် စက်တင်ဘာလအထိ ပြည်ပခရီးသွား ၆၁၀၀၀ ခန့်လာရောက်လည်ပတ်ခဲ့ကြောင်း ဧရာဝတီတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။



ချစ်သူများကျွန်းအနီး နိုင်ငံခြားခရီးသွားဧည့်သည်များ ကမ်းခြေတစ်လျှောက် အပန်းဖြေလမ်းလျှောက်နေသည်ကို တွေ့ရစဉ်။

ကမ်းခြေဒေသများတွင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ကမ်းခြေဒေသရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လိုက်နာရန်အမိန့် ထုတ်ပြန်ရခြင်းနှင့် စပ်လျဉ်းပြီး ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်က "ကမ်းခြေတည်မြဲမိန့်ကို ထုတ်ထားတဲ့အခါကျတော့ ဒီအပေါ်မှာ လိုက်နာမှုမရှိရင် သက်ဆိုင်ရာတိုင်းဒေသကြီးက အရေးယူမှာပါ။ ဥပမာ အဆောက်အအုံတစ်ခုကိုဆောက်တယ်။ ဒီနေရာမှာ မရှိသင့်မရှိထိုက်တာကို အမြင့်ကြီး အရုပ်ဆိုးအောင် လုပ်တယ်ဆိုရင် ဒါကိုကျွန်တော်တို့က ထိန်းသိမ်းရမယ်။ လုပ်ပြီးမှ ထိန်းလို့မရဘူး။ မလုပ်ခင်ကတည်းက ပြောပြရမယ်၊ အသိပညာပေးရမယ်။ ဌာနဆိုင်ရာအဖွဲ့အစည်းတွေ၊ ပြည်သူလူထုတွေ နောက်ပြီး လုပ်ငန်းရှင်တွေ ပူးပေါင်းပါဝင်ရမယ်။ နောက်အရေးကြီးဆုံးက ဒေသခံပြည်သူတွေပဲ။ ဘာလို့လဲဆိုတော့ တစ်ခုခုမှားရင် နောက်ဆုံး ဒီဒေသခံပြည်သူလူထုကခံစားရမှာ" ဟု ပြောသည်။

ကမ်းခြေတစ်လျှောက်ဖွင့်လှစ်ထားသည့် ဟိုတယ်များအနေဖြင့် သက်ဆိုင်ရာမှ ထုတ်ပြန်ထားသည့် အမိန့်များ၊ စည်းကမ်းချက်များကို ချိုးဖောက်ခြင်းမရှိကြောင်း ငွေဆောင်မြို့နယ် စည်ပင်သာယာရေးကော်မတီမှ သိရသည်။

ငွေဆောင်ကမ်းခြေတွင် နာမည်ကြီးသည့် ပင်လယ်ရေဆွဲနှင့် ပတ်သက်၍ ပင်လယ်ထဲသို့ရေဆင်းကူးသည့် ဧည့်သည်များဘေးအန္တရာယ်ကင်းစေရန်အတွက် ဟိုတယ်များမှ ကမ်းစပ်လုံခြုံရေးနှင့် ရေကူးကျွမ်းကျင်သူအဖွဲ့များ ခန့်ထားပေးပြီး စောင့်ကြည့်ပေးလျက်ရှိကြောင်း ကမ်းခြေလုံခြုံရေးဝန်ထမ်းများထံမှ သိရသည်။

"ကမ်းခြေမှာရေဆွဲရှိတဲ့နေရာ ရေနည်းနည်းနစ်တဲ့နေရာဆို ဧည့်သည်တွေမသွားဖို့ ဦးတို့က ကမ်းခြေကနေ လှမ်းသတိပေးတယ်။ လေနဲ့ပါသွားမယ်၊ ရေဆွဲနဲ့ပါသွားမယ်ဆို ရေကူးသင်တန်းတက်ထားတဲ့ ဝန်ထမ်းတွေက လိုက်ဆယ်တယ်။ ရေဆွဲကတော်ရုံလူမသိဘူး၊ အန္တရာယ်ရှိတယ်။ဧည့်သည်တွေရဲ့ လုံခြုံရေးအတွက်စောင့်ရှောက်ပေးနေတာပါ"ဟု AMBO ဟိုတယ်မှ ကမ်းခြေလုံခြုံရေးဝန်ထမ်း ဦးတင်ထွေးက ပြောသည်။

နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပြီး နိုင်ငံခြားသားခရီးသွားဧည့်သည်များ၏ လုံခြုံရေးအတွက် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေး ရဲတပ်ဖွဲ့ကို ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်တွင် ဖွဲ့စည်းခဲ့ကြောင်း၊ ငွေဆောင်မြို့တွင်လည်း နိုင်ငံခြားသား ခရီးသွားဧည့်သည်များ၏ လုံခြုံရေးအတွက် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေး ရဲတပ်ဖွဲ့ကို ထားရှိပေးထားကြောင်း ငွေဆောင်မြို့ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့မှသိရသည်။

ငွေဆောင်ကမ်းခြေတွင် လာရောက်အပန်းဖြေအနားယူသည့် ပြည်တွင်း ပြည်ပ ခရီးသွားများ အန္တရာယ်ကင်းရှင်းစေရန်အတွက် ကမ်းခြေဘက် Central ဟိုတယ်မှ BOB ဟိုတယ်ထိ ဆိုင်ကယ်နှင့် စက်တပ်ယာဉ်များ (တာဝန်မှအပ)စီးနင်းခြင်းမပြုရန်နှင့် စီးနင်းပါက အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ကမ်းခြေလုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ အမိန့်ထုတ်ပြန်ထားပြီး ကမ်းခြေတစ်လျှောက် သတိပေးဆိုင်းဘုတ်များ စိုက်ထူထားကြောင်း ငွေဆောင်မြို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေအောင်နိုင်က ပြောသည်။

ငွေဆောင်မြို့ ဒေသခံဆိုင်ကယ်ကယ်ရီဆွဲသူ ကိုချမ်းသာက"ကျွန်တော်တို့က အတန်းပညာလည်းမတတ်တော့ ဟိုတယ်တွေမှာ လုပ်ဖို့အဆင်မပြေဘူး။ လာတဲ့ဧည့်သည်တွေကိုမှီပြီး ကမ်းခြေမှာ ဆိုင်ကယ်ကယ်ရီဆွဲတယ်။ ဈေးရောင်းတယ်။ ဆိုင်ကယ်ကယ်ရီဆွဲတာက တရားဝင်ခွင့်ပြုထားတာမဟုတ်ဘူး။ သူတို့က ဧည့်သည်တွေထိခိုက်မိမှာစိုးလို့ တားမြစ်တာလို့ပြောတယ်။ ဆိုင်ကယ်ကယ်ရီကို စနစ်တကျနဲ့ တရားဝင်ဆွဲခွင့်ပြုစေချင်တယ်။ ဒါမှ ကျွန်တော်တို့လို ဒေသခံတွေစားဝတ်နေရေးပြေလည်မှာပါ"ဟု ပြောသည်။

ငွေဆောင်ကမ်းခြေ Central ဟိုတယ်နှင့် ACE ဟိုတယ်နှစ်ခုရှေ့၌ သဘာဝရှုခင်းများဖြင့် လှပနေသည့် ယခင်က ဘူးကွဲကျွန်းဟုခေါ်သည့် ချစ်သူများကျွန်းအနီးတွင် စက်လှေငှားရမ်းသူများ၊ စပိဘုတ်များဖြင့် ကျွန်းတစ်ပတ်လှည့်လည်ကြည့်ရှုသူများနှင့် ကမ်းခြေမှ ကျွန်းသို့ ရေထဲဆင်းပြီး ခြေကျင်ဖြတ်ကူးသူများဖြင့် နေ့စဉ်စည်ကားလျက်ရှိသည်။

"ချစ်သူများကျွန်းမှ သဘာဝရှုခင်းလေးတွေက လှတယ်။ ထူးခြားတာက ရေတက်လာရင် လှိုင်းကြက်ခွပ်ပုံလေးတွေက အသည်းပုံရှိတယ်။ ဒီကျွန်းကို ဘူးကွဲကျွန်းလို့ခေါ်တယ်။ ဟိုးအရင်တုန်းက ရေသူမကျွန်းလို့လည်း ခေါ်တယ်။ ရေသူမနဲ့ ဂျပန်စစ်သားတစ်ယောက်ချစ်ကြိုက်ကြလို့ ဂျပန်စစ်သားကို သူ့တပ်က ပြန်ခေါ်မရတော့ ဒီကျွန်းမှာ စတေးပစ်ခဲ့တာလို့ ငယ်ငယ်တုန်းကတော့ ပုံပြင်လိုလို ကြားဖူးခဲ့တာပဲ။ နောက်တော့ ရာဇာနေဝင်းတို့ ရုပ်ရှင်လာရိုက်ပြီးတော့မှ ချစ်သူများကျွန်းဆိုပြီးခေါ်တာ" ဟု ချစ်သူများကျွန်းရှေ့ရှိ ငွေဆောင်သဲသောင်ပြင်ပေါ်တွင် အုန်းစိမ်းရည်ရောင်းချသည့် ကိုအောင်သက်ထွန်းက ပြောသည်။

ငွေဆောင်ကမ်းခြေတစ်လျှောက် ပင်လယ်ပြင်တွင် ငါးဖမ်းထွက်သည့် လှေများနှင့် ကမ်းခြေတွင် ငါးဖမ်းပိုက်များရှင်းလင်းနေသည့် တံငါတဲများကလည်း ကမ်းခြေအလှကို ပိုမိုပီပြင် သက်ဝင်လှုပ်ရှားစေသည်။

"ငါးအုန်းညိုတို့၊ ငါးစစ္စလီတို့ မိတာများတယ်။ ငါးအုပ်ပေါ်တာနဲ့ ဝိုင်းပြီး ပိုက်နဲ့ဆွဲကြတယ်။ ပုသိမ်ကိုရောင်းတာလည်းရှိတယ်။ ငါးခြောက်လှန်းပြီး ကမ်းခြေမှာရောင်းတာလည်းရှိတယ်။ ဒီပင်လယ်ပြင်က တံငါသည်တွေရဲ့ ထမင်းအိုးပဲ" ဟု ငါးဖမ်းသမားကြီး ဦးအေးလွင်က ပြောသည်။

"ထိုင်းနိုင်ငံမှာရှိတဲ့ ဖူးခက်ကမ်းခြေကအလွန်လှတယ်။ မြန်မာနိုင်ငံက ငွေဆောင်ကမ်းခြေကလည်း အလွန်လှတယ်။ လှတာချင်းက ထပ်တူကျတယ်။ပုံစံလည်းတူတယ်။ ရေကလည်း ပြာ၊ သဲသောင်ပြင်ကလည်း ဖွေးပြီး သန့်ရှင်းတယ်။ ပြီးတော့ သဘာဝကျမှုရှိတယ်။ အလွန်ကြိုက်တယ်။ နောက်တစ်ခါ လာဖြစ်မှာ အသေအချာပါပဲ"ဟု ငွေဆောင်ကမ်းခြေသို့ အလည်အပတ်ရောက်ရှိနေသည့် ထိုင်းနိုင်ငံ ဖူးခက်မှ Mrs.Paveena Palai က ပြောသည်။

မြန်မာနိုင်ငံသို့ နိုင်ငံတကာမှ ခရီးသွားဧည့်သည် ဝင်ရောက်မှုနှုန်းသည် ၂၀၁၄ ခုနှစ်တွင် ၃ ဒသမ ၀၈ သန်းဝင်ရောက်ခဲ့ပြီး ၂၀၁၃ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၅၁ ရာခိုင်နှုန်းမြင့်တက်လာကြောင်း၊ ၂၀၁၅ ခုနှစ် ကုန်းပိုင်းတွင် ပြည်ပခရီးသွားများလာရောက်လည်ပတ်မှုနှုန်းကို ၄ ဒသမ ၅ သန်းအထိရောက်ရှိရန် ခန့်မှန်းထားကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ သိရသည်။

"ဟိုတယ်တွေမှာသုံးတဲ့ ရေနဲ့ပတ်သက်ပြီး မိလ္လာရေနဲ့ အခြားရေဆိုးတွေ ကမ်းခြေဘက်ကို ထွက်တာ လုံးဝမရှိဘူး။ စည်ပင်သာယာရေးကော်မတီအနေနဲ့လည်း အခါအားလျော်စွာ ခေါ်ယူပြီး အမြဲမပြတ်အသိပညာပေးမှုတွေလုပ်တယ်။ ရပ်ကွက်ထဲမှာရှိတဲ့ ရေနုတ်မြောင်းတွေကို ရေစီးရေလာ ကောင်းအောင်ဖော်တယ်။ ဟိုတယ်တွေကလည်း စည်းကမ်းလိုက်နာတယ်။ ဈေးရောင်းတဲ့ ဒေသခံတွေကလည်း စည်းကမ်းရှိတယ်။ တစ်ပတ်တစ်ခါ အမှိုက်ကောက်ရုံနဲ့တော့ မရဘူး။ နေ့တိုင်းသန့်ရှင်းအောင်ဆောင်ရွက်နေလို့သာ ငွေဆောင်ကမ်းခြေက အမြဲသန့်ရှင်းနေတာပါ။ ဒီအတိုင်းဆို ငွေဆောင်က နိုင်ငံတကာအဆင့်မီကမ်းခြေအဖြစ် ရေရှည်တည်တံ့နေမှာပါ" ဟု ငွေဆောင်မြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ကြည်က ပြောသည်။

ကမ္ဘာလှည့်ခရီးသွားများအကြိုက် ခေတ်မီသန့်ရှင်းသည့် ဟိုတယ်များ၊ လှပသောကမ်းခြေအနေအထားတို့အပြင် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန်နှင့် မြန်မာ့ရွက်လှေ အားကစားအဆင့်အတန်းမြင့်မားလာစေရန် ရည်ရွယ်၍ အောက်တိုဘာလအတွင်းက ငွေဆောင်ကမ်းခြေ ငွေဆောင်ရွက်ကလပ်၌ နိုင်ငံတကာမှ အားကစားသမားများပါဝင်သည့် Myanmar Wave Rider Cup and KTA Race Open 2015 ပြိုင်ပွဲကို ကျင်းပခဲ့ရာ ငွေဆောင်ကမ်းခြေကို အုန်းစိမ်းရည်သောက်၊ ပင်လယ်စာ စား၊ ရေကူးအပန်းဖြေရုံသာမက နိုင်ငံတကာအဆင့်မီ ရွက်လှေပြိုင်ပွဲများ ကျင်းပနိုင်သည့်ကမ်းခြေအဖြစ် နိုင်ငံတကာမှ ပိုမိုသိရှိလာတော့မည်ဖြစ်သည်။

"ငွေဆောင်ကမ်းခြေမှာ ရွက်လှေပြိုင်ပွဲတွေ လုပ်လို့ရတယ်ဆိုတာ ကမ္ဘာကသိသွားရင် နိုင်ငံခြားသားတွေ ဒီငွေဆောင်ကမ်းခြေကို ရွက်လှေအပျော်စီးချင်လို့ပဲဖြစ်ဖြစ် ပြိုင်ပွဲဝင်ချင်လို့ပဲဖြစ်ဖြစ်လာကြမယ်။ ဒါဆို ဒီကမ်းခြေကို စိတ်ဝင်စားမှုများလာမယ်၊ ခရီးသွားလုပ်ငန်းလည်းဖွံ့ဖြိုးလာမယ်" ဟု ရွက်လှေပြိုင်ပွဲကြီးကြပ်နှင့် လုံခြုံရေးတာဝန်ယူထားသူ ဦးစိုင်းပြည့်စုံဟိန်းက ပြောသည်။

"၂၀၀၀ခုနှစ်ကနေ ၂၀၁၅ ပြောင်းလဲလာတဲ့အချိန်မှာ နိုင်ငံတကာကကြည့်ရင် ငွေဆောင်က တအားဖွံ့ဖြိုးလာတယ်။ လူမှုစီးပွားဘဝတွေလည်း ဖွံ့ဖြိုးလာတယ်။ တကယ်လည်းတိုးတက်လာပါတယ်။ ဒါပေမယ့် ဟိုတယ်ဇုန်ကြီးဖြစ်ဖို့ ဟိုတယ်ကြီးတွေပေါ်လာဖို့ အဲဒီနေရာက ရွှေ့ပြောင်းပေးခဲ့ရတဲ့ ဒေသခံတွေရဲ့ ဘဝက ဘာမှပြောင်းလဲမသွားသေးဘူး" ဟု ဒေသခံတစ်ဦးလည်းဖြစ် ငွေဆောင်မြို့နယ် စည်ပင်သာယာရေးကော်မတီအဖွဲ့မှ ဥက္ကဋ္ဌ ဦးမြင့်ကြည်က ပြောသည်။

ငွေဆောင်သဲသောင်ပြင် မွမွပေါ်တွင် ပြေးလွှားနေသော ကဏန်းနီနီလေးများ၊ အငှားခန္ဓာအိမ်ဖြင့် အသက်ရှင်နေသည့် ဟိုမှသည်သို့ ပြေးလွှားနေသည့် ဝင်ကစွပ်ကောင်လေးများ၏ အနီးဆုံးနေရာတွင်ရှိသည့် တဲအိမ်လေးပေါ်တွင် ငါးဖမ်းပိုက်ကြိုးကိုဖြည်နေသည့် အသက်(၇၅)နှစ်အရွယ် အဘိုးအို ဦးလှတင်က "မီးစာကုန်ဆီခန်းအသက်ကုန်တော့မယ့်အရွယ်မှာ တံငါအလုပ်လည်း မလုပ်ချင်တော့ဘူး။ အေးအေးဆေးဆေးလေးနေချင်ပြီ။ အရင်က တံငါလုပ်တာမဟုတ်ဘူး။ အုန်းခြံနဲ့ လယ်တွေပိုင်ခဲ့တယ်။ အခုတော့ အဲဒီအုန်းခြံတွေအတွက် ဘာမှမျှော်လင့်ချက်မရှိသလိုဖြစ်နေရတယ်။ ပင်လယ်ပြင်ကြီးရှိလို့သာ ငါးဖမ်းရင်း အသက်ဆက်နေရတယ်" ဟု ညနေဆည်းဆာအချိန် ပင်လယ်ထဲ ငုပ်လျှိုးပျောက်ကွယ်တော့မည့် နေလုံးကြီးကို ငေးမျှော်ကြည့်ရင်း ခပ်ငေးငေးလေး ဆိုသည်။ ။

ပြည်တွင်းရေးရာ

# ဘာသာပြန်ရေးတဲ့နေရာ မြန်မာစာပေတွေ အများကြီးဖတ်ဖို့လိုတယ်၊ မြန်မာစာဝေါဟာရ ကြွယ်ဖို့လိုတယ်



**ဆရာကြီး ခင်မောင်စိုး(မောင်ပေါ်ထွန်း)**

**နိုင်ငံတော်က နှစ်စဉ်တစ်သက်တာစာပေဆုနှင့် အမျိုးသားစာပေဆုများကို ရွေးချယ်ဂုဏ်ပြုချီးမြှင့်လျက်ရှိရာ ၂၀၁၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုများအတွက် ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီက ဆရာကြီးဦးဝင်းဖေ(မြဇင်)၊ ဆရာကြီးခင်မောင်စိုး(မောင်ပေါ်ထွန်း)နှင့် ဆရာကြီးဦးကိုလေး(ကိုလေး-အင်းဝဂုဏ်ရည်)တို့ကို ရွေးချယ်ပြီးဖြစ်သည်။**

အဆိုပါ အမျိုးသားစာပေတစ်သက်တာဆု ရွေးချယ်ခြင်းခံရသော ဆရာကြီးသုံးဦးအား မြန်မာစာပေလောကတွင် တစ်သက်တာပတ်လုံး လေ့လာဆည်းပူးမှု၊ စာပေလောက ဖြတ်သန်းမှု၊ အတွေ့အကြုံ၊ တစ်သက်တာစာပေဆုရခြင်းနှင့်ပတ်သက်၍ ဝမ်းသာပီတိတို့ကို မျှဝေခံစားနိုင်အောင် ၎င်းတို့၏နေအိမ်သို့ သွားရောက်ပြီး တွေ့ဆုံမေးမြန်းခဲ့ပါသည်။



ဆရာကြီး ဦးဝင်းဖေ(မြဇင်)။



ဆရာကြီးဦးကိုလေး။



ဒေါက်တာမောင်ဖြေ။

**ဆရာကြီးခင်မောင်စိုး(မောင်ပေါ်ထွန်း)**

"ကျွန်တော် ပထမဆုံးပြောချင်တာကတော့ အမျိုးသားစာပေတစ်သက်တာဆုရခြင်းအတွက် ဂုဏ်ယူပါတယ်။ ကျေးဇူးတင်ပါတယ်ဆိုတာထက် စာပေပညာရှင်ကြီးတွေ၊ ထုတ်ဝေသူတွေ၊ စာဖတ်ပရိသတ်တွေကို ကျေးဇူးတင်ပါတယ်လို့ ပြောချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ စာအတော်အတန်ဖတ်ဖြစ်လာတော့ စာရေးဆရာ အလွန်ဖြစ်ချင်လာတယ်။ အလုပ်ရွေးချယ်မှုလည်း မှန်ကန်ခဲ့တယ်ဆိုရမှာပေါ့။ စာပေဗိမာန်မှာ အလုပ်ဝင်ခဲ့တယ်။ စာပေဟင်းအိုးကြီးနဲ့ သွားတွေ့တာပါ။ စာရေးဆရာအစုံနှင့်တွေ့ပြီး အားကျလေ့လာဆည်းပူးပြီး စာပေကို တစိုက်မတ်မတ်လုပ်ဖြစ်ခဲ့လို့ ဒီဆုကိုရတဲ့အတွက် ကျေးဇူးတင်ပါတယ်။

အမျိုးသားစာပေတစ်သက်တာဆုကို ၂၀၀၁ ခုနှစ်က စတင်ပြီး နှစ်စဉ်ဆုချီးမြှင့်ခဲ့တာ ယခုနှစ်မှ ဘာသာပြန်ရေးတဲ့သူကို ပထမဆုံးဆုချီးမြှင့်တာပါ။ ကျွန်တော်က ဘာသာပြန်ကို အဓိကရေးတဲ့သူပါ။ တစ်သက်တာ စာပေဆုထဲမှာ ဘာသာပြန်ရေးတဲ့သူထဲက ပထမဆုံးရတယ်ဆိုတော့ အတိုင်းမသိ အထူးပင်ကျေးဇူးတင်ပါတယ်။

ပြည်ပမှ စာပေပညာရှင်ကြီးတစ်ဦးက စာပေလောကမှာ ဘာသာပြန်တွေက မရှိလို့မဖြစ်ဘူး။ ဒါပေမယ့် သူတို့ကို မေ့ထားကျတယ်လို့ပြောဖူးတယ်။ ဘာဖြစ်လို့လဲဆိုတော့ နဂိုကတည်းက ဘာသာပြန်စာအုပ်တွေကို လူတိုင်းမဖတ်ဘူး။ အခုခေတ်ဆိုရင်ပိုဆိုးတာက စာအုပ်ဈေးတွေကကြီးတယ်။ စာဖတ်ချင်လို့ စာအုပ်သွားဝယ်ရင်တောင် ဘာသာပြန်စာအုပ်ကို သိပ်မရွေးဘူး။ အခုက အင်တာနက်၊ ဖုန်း၊ တီဗွီတွေနဲ့ အချိန်ကုန်လာကြတယ်။ စာအုပ်ကို အချိန်ပေးပြီး သိပ်မဖတ်တော့ဘူး။ အဓိကဆိုလိုချင်တာကတော့ လူငယ်ဘာသာပြန်စာရေးဆရာ နည်းပါးလာမှုအပေါ်ကို ပြောချင်ပါတယ်။ တချို့ လူငယ်တွေမှာ လက်ကောင်းတယ်။ ထုတ်ဝေသူက ကလောင်သစ်ဖြစ်တာကြောင့် စာအုပ်မထုတ်ပေးကြဘူး။ တချို့ကျတော့လည်း ဘာသာပြန်ရေးတာကို ဝါသနာပါတယ်။ မိမိအလုပ်တစ်ဖက်နဲ့ဆိုတော့ မလုပ်ဖြစ်ကြဘူး။ ဒါကြောင့်လည်း ဘာသာပြန်စာရေးသူလူငယ်တွေ ရှားပါးလာတာပါ။

ဘာသာပြန်စာအုပ်ရေးသားရာမှာ အင်္ဂလိပ်စာက အဓိက အရေးမကြီးဘူး။ မိခင်ဘာသာစကားက အရေးကြီးတယ်။ ဘာသာပြန်ရေးတဲ့နေရာမှာ မြန်မာစာပေတွေ အများကြီးဖတ်ဖို့လိုတယ်။ မြန်မာစာဝေါဟာရ ကြွယ်ဖို့လိုတယ်။ ဆရာလင်းယုန်မောင်မောင်က မြန်မာစာမတတ်ရင် ဘာသာမပြန်နဲ့လို့ ပြောဖူးတယ်။ ဒါမှသာ ဘာသာပြန်ရေးတဲ့ နေရာအရေးအသား၊ ရေးဟန်၊ စတိုင်တို့ရှိမှ စာဖတ်ပရိသတ်အတွက် ဆွဲဆောင်မှုရှိတဲ့ စာအုပ်တစ်အုပ်ဖြစ်မယ်။

ဘာသာပြန်ရေးတဲ့နေရာမှာ ဘာသာပြန်ကြည့်ပါ။ မကြိုက်ရင်ပြန်ရေးပါ။ မိတ်ဆွေတစ်ဦးကို ဖတ်ခိုင်းပါ။ ဖတ်တဲ့သူဟာလည်း ဗဟုသုတလည်းရှိ ပြန်ပြင်နိုင်တဲ့ ပုဂ္ဂိုလ်မျိုးကို ရှာဖတ်ခိုင်းပါ။ ဘာသာပြန်တဲ့နေရာမှာလည်း အဆင့်ကျော် မပြန်ပါနဲ့။ ဥပမာ ပုံပြင်၊ ဝတ္ထုတို၊ ဝတ္ထုရှည်တို့ကို တစ်ဆင့်ပြီးတစ်ဆင့်လုပ်ပါလို့ ပြောချင်ပါတယ်။

ဆရာကြီး ဦးခင်မောင်စိုး(မောင်ပေါ်ထွန်း)ကိုအဘ ဦးမောင်ပု-အမိ ဒေါ်အေးသာတို့က ၁၉၃၅ ခုနှစ် မေ ၁၄ ရက်တွင် ရခိုင်ပြည်နယ် မာန်အောင်မြို့နယ် ရေမျက်ဝရွာတွင် မွေးဖွားခဲ့သည်။ မူလတန်းပညာကို ဇာတိရပ်ရွာဘုန်းတော်ကြီးကျောင်းတွင် အစိုးရမူလတန်းကျောင်းများသင်ယူခဲ့သည်။ ၁၅နှစ်သားတွင် ရန်ကုန်မြို့သို့ရောက်လာကာ အလွတ်ပညာသင်ကျောင်းတက်ခဲ့ပြီး ၁၉၅၅ ခုနှစ်တွင် စာပေဗိမာန်၌ လက်ရေးကို လက်နှိပ်စက်စာရေးအဖြစ် အမှုထမ်းခဲ့ပြီး ၁၉၇၃ ခုနှစ်တွင် ဝိဇ္ဇာ(သမိုင်း) ဘွဲ့ရခဲ့သည်။ ၁၉၇၉ ခုနှစ်တွင် စာပေဗိမာန်စာအုပ်အသင်းကြီးကြပ်ရေးမှူးအဖြစ်မှ အငြိမ်းစားယူခဲ့သည်။

ငွေတာရီမဂ္ဂဇင်းတွင် စာအုပ်လောက ကဏ္ဍကို ၁၉၆၇ ခုနှစ်မှစ၍ ခြောက်နှစ်နီးပါးဆက်တိုက်ရေးခဲ့ပြီး စာအုပ်လောကတစ်စောင်၊ ယိုမဂ္ဂဇင်း၊ ချယ်ရီမဂ္ဂဇင်း၊ မြန်မာ့ခနစီးပွားရေးမဂ္ဂဇင်းတို့တွင် အယ်ဒီတာ၊ အယ်ဒီတာချုပ်နှင့် အတိုင်ပင်ခံအယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သည်။ လုံးချင်းဘာသာပြန်စာအုပ်အဖြစ် "နိုင်းမြစ်ဝှမ်းမှတော်လှန်ရေး" (စာပေဗိမာန်၊ ၁၉၇၄) ကို စတင်ထုတ်ဝေခဲ့ပြီး ဘာသာပြန်စာအုပ်များကို အစဉ်တစိုက် ပြန်ဆိုထုတ်ဝေခဲ့ရာ ယနေ့ထိ ဝတ္ထု ၂၈ အုပ်၊ နိုင်ငံရေး လေးအုပ်၊ အတ္ထုပ္ပတ္တိ သုံးအုပ်၊ စီးပွားရေးလုပ်ငန်းနှင့် ရောင်းဝယ်ရေး ၁၄ အုပ်၊ ကြီးပွားတိုးတက်ရေးနှင့် အထွေထွေ ၂၆ အုပ်၊ အင်္ဂလိပ်သဒ္ဒါ သုံးအုပ် ပြန်ဆိုထုတ်ဝေခဲ့ပြီး ယင်းအနက် "ကန္တာရစမ်းရေအိုင်" ဝတ္ထုဖြင့် ၁၉၉၇ ခုနှစ် အမျိုးသားစာပေဆု၊ ကံကြမ္မာအကျဉ်းသားဝတ္ထုဖြင့် ၂၀၀၆ ခုနှစ် အမျိုးသားစာပေဆုရရှိခဲ့သည်။

**ဆရာကြီး ဦးဝင်းဖေ(မြဇင်)**

"အဓိကကတော့ ကျွန်တော်စာပေရေးဖြစ်တဲ့နေရာမှာ ကဗျာကိုပိုရေးဖြစ်ခဲ့ပါတယ်။ စာရေးသက်တစ်လျှောက် ကဗျာနရီနဲ့ နိမိတ်ပုံ၊ စစ်တောင်းတံတားကြီးကျိုးခဲ့စဉ်က စသည့် စာအုပ် ၁၀ အုပ်ခန့်ရေးသားထုတ်ဝေခဲ့ပြီး ဆောင်းပါးပေါင်းများစွာ ရေးသားဖြစ်ခဲ့ပါတယ်။ အဲ့ဒီထဲမှာ ကဗျာနရီနဲ့ နိမိတ်ပုံဆို စာအုပ်က အထိရောက်ဆုံးပါ။ ကဗျာလောကရဲ့ အထိရောက်ဆုံး အကျိုးကျေးဇူးအများဆုံးဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ကဗျာလောကကို ပြောင်းပေးတဲ့စာအုပ်လို့ မြင်ပါတယ်။ အခုခေတ် ကဗျာတွေနဲ့ပတ်သက်၍ ပြောချင်တာကတော့ အင်္ဂလိပ်ကနေ မြန်မာပြန်များတယ်။ မြန်မာက အင်္ဂလိပ်လိုပြန်တာ မရှိသလောက်နည်းတယ်။ အင်္ဂလိပ်က မြန်မာလိုပြန်တဲ့ ကဗျာတွေမှာ တိကျမှုမရှိတာ တွေ့ရတယ်။ တတ်နိုင်သလောက်ကြိုးစားကြပါ။ မြန်မာစာကို ပိုင်နိုင်အောင်လုပ်ပြီး များများပြန်ကြည့်ပါ။ မြန်မာလိုကနေ အင်္ဂလိပ်လိုရေးတဲ့ ကဗျာတွေ များများရေးကြည့်ကြပါ"ဟု ပြောကြားလိုပါတယ်။

ဆရာကြီးဦးဝင်းဖေ(မြဇင်)ကို အဘ ဦးဘိုးအုံး-အမိ ဒေါ်ထားရင်တို့က ၁၉၂၇ ခုနှစ် ဇွန် ၁၅ ရက်တွင် ရန်ကုန်မြို့၌ မွေးဖွားခဲ့သည်။ အိုးဝေမဂ္ဂဇင်း၌ အယ်ဒီတာ(အင်္ဂလိပ်ပိုင်း) အထွေထွေအုပ်ချုပ်ရေးဌာန၊ အမျိုးသားစီမံကိန်းဌာန၊ တော်လှန်ရေးအစိုးရအဖွဲ့ဥက္ကဌရဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ သုတေသနလုပ်ငန်းဆိုင်ရာ မူဝါဒညွှန်ကြားရေးအဖွဲ့၊ ပြန်ကြားရေးနှင့် အသံလွှင့်ဦးစီးဌာန၊ အနုပညာဦးစီးဌာနနှင့် ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန၊ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန၊ မြန်မာစာအဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ဝဏ္ဏကျော်ထင်ဘွဲ့၊ စီမံထူးချွန်တံဆိပ်(ပထမအဆင့်)၊ ဝိဇ္ဇာပညာထူးချွန်တံဆိပ်(ပထမအဆင့်)များ ချီးမြှင့်ခံရပြီး ဇနီးဒေါ်ခင်မြလှိုင်နှင့် သားတစ်ဦး၊ သမီးတစ်ဦးရှိသည်။

**ဆရာကြီးဦးကိုလေး(ကိုလေး-အင်းဝဂုဏ်ရည်)**

"ကျွန်တော်က ၁၉၅၁ ခုနှစ် ခြောက်တန်းကျောင်းသားဘဝက ကဗျာစရေးတာပါ။ ပထမဆုံးကဗျာအဖြစ် မြန်မာ့လမ်းစဉ်သတင်းစာမှာ "ကျွန်တော်တို့ဌာနေရွှေအင်းဝ" ဆိုတာရေးဖြစ်ပါတယ်။ ၁၉၆၅ ခုနှစ်မှာ လမ်းသစ်ကဗျာ အမျိုးသားစာပေဆုရခဲ့ပါတယ်။ ၂၀၁၃ ခုနှစ် "မွန်းတည့်အမိ" ကဗျာစာအုပ်မှာ တော်ဘုရားလေးကဗျာဆုရခဲ့ပါတယ်။ အခုရတဲ့ဆုနဲ့ ပတ်သက်ပြီး ကျွန်တော်နဲ့မတန်ဘူးလို့ ထင်မိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်လေးစားတဲ့ စာရေးဆရာကြီးတွေ၊ ဆရာမကြီးတွေကို ရစေချင်ပါတယ်။ ကဗျာနဲ့ပတ်သက်ပြီး လူငယ်တွေကို ပြောချင်တာက ကဗျာကိုနိုင်ငံခြားပုံစံယူရေးပါ။ အတွင်းက မြန်မာသံလေးပါစေချင်ရင် မြန်မာပုံစံပြန်ရမယ်လို့ ပြောပါတယ်။

ဆရာကြီးဦးကိုလေး (ကိုလေး-အင်းဝဂုဏ်ရည်)ကို အဘ ဦးချွန်-အမိဒေါ်မမကြီးတို့က ၁၉၃၆ ခုနှစ် ဩဂုတ် ၁၁ ရက်တွင် အင်းဝဈေးချိုပန်းပဲတန်းတွင် မွေးဖွားခဲ့သည်။ အမည်အရင်း ကိုလေးဖြစ်ပြီး ဂျပန်ခေတ်အင်းဝဂုဏ်ရည်ကျောင်းများမှာ စတင် ပညာသင်ကြားခဲ့သည်။ မန္တလေးတက္ကသိုလ်တွင် ၁၉၈၅ ခုနှစ်ထိ ပညာဆည်းပူးခဲ့သည်။ မန်းတက္ကသိုလ် ကလောင်ရှင်အသင်း အဆောင်များ စာကြည့်တိုက်မှူး၊ စစ်ကိုင်းခရိုင်အသင်းတွင် ဉာဏဗလမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၆၅ တွင် လမ်းသစ်ကဗျာများ၊ ကဗျာစာအုပ်ဖြင့် အမျိုးသားစာပေဆု(ကဗျာ)ပထမဆုရ၊ တင်မိုး၊ မောင်ခိုင်မာနွယ်(စစ်တွေ)၊ ခင်ဝင်းသစ်တို့နှင့်တွဲဖက်၍ နဒီငါးသွယ် ကဗျာများရေးသားထုတ်ဝေခဲ့ကာ ၂၀၁၂ ခုနှစ်တွင် မွန်းတည့်အမိ ကဗျာစာအုပ်ဖြင့် တော်ဘုရားလေးကဗျာဆုရရှိပြီး လက်ရှိတွင် အင်းဝတံတားဦးတွင် နေထိုင်လျက်ရှိသည်။

**ဒေါက်တာမောင်ဖြေ**

အမျိုးသားစာပေဆုတွင် မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေဆု၌ "မွန်မြတ်သော ကျေးဇူးဆပ်သူနှင့် မွန်မြတ်သော ကျေးဇူးပြုသူ" စာအုပ်ဖြင့် ဆုရရှိသူ ဒေါက်တာမောင်ဖြေနှင့် မေးမြန်းခဲ့ရာ "မြန်မာ့ယဉ်ကျေးမှုနဲ့ ဘာသာတရားအဆုံးအမကို အခြေခံပြီး ရေးသားခဲ့တာပါ။ ဗုဒ္ဓရဲ့အဆုံးအမတွေမှ အနှစ်သာရတွေကို ကိုးကားပြီး ရေးသားထားခြင်းဖြစ်ပါတယ်။ ဒါ့အပြင် မြန်မာ့ယဉ်ကျေးမှုအသိနဲ့ ဆင်ယင်ထုံးဖွဲ့မှုတွေကို ရှာဖွေပြီး တင်ပြခဲ့ခြင်းဖြစ်ပါတယ်။ မဟာဗုဒ္ဓဝင်၌ မိဘ၏မေတ္တာ၊ ဇနီးကောင်းတို့ရဲ့ အကြင်နာ၊ မိတ်ဆွေကောင်းတို့ရဲ့ စေတနာ၊ မွန်မြတ်သော ကျေးဇူးဆပ်သူနှင့် မွန်မြတ်သော ကျေးဇူးပြုသူတို့ကို ဖော်ညွှန်းပြသခြင်းကို တွေ့ရမည်ဖြစ်လေသည်။

"ဒီနေ့လူငယ်တွေဟာ အင်တာနက်နဲ့ ဖေ့ဘွတ်စ်တွေကို အချိန်အများကြီးပေးပြီး ကြည့်ရှုနေကြတယ်။ သူတို့တွေ စာဖတ်မှုအားနည်းလာတယ်။ ဒါကြောင့် စာတိုတိုရေးပြီး သူတို့လေးတွေ စာဖတ်တဲ့အလေ့အကျင့်ကောင်းတွေရအောင် ရေးခဲ့တာလည်းပါဝင်တယ်။ ရတဲ့အချိန်လေးတွေမှာ စာတိုတိုလေးတွေနဲ့ ဆွဲဆောင်ပြီး စာဖတ်တဲ့အလေ့အကျင့်ရအောင် အားထုတ်ခဲ့တာလည်းပါဝင်တယ်"ဟု ဆရာဒေါက်တာမောင်ဖြေက ပြောသည်။

ဒေါက်တာမောင်ဖြေသည် ပဲခူးမြို့ဇာတိဖြစ်ပြီး ၁၉၃၉ ခုနှစ် အောက်တိုဘာ ၄ ရက်က ပဲခူးမြို့၌ မွေးဖွားခဲ့သည်။ ၁၉၇၄ ခုနှစ်က စတင်ကာ စာပေများရေးသားခဲ့ပြီး ရတနာပုံ၊ မြန်မာ့အလင်း၊ ကြေးမုံသတင်းစာများတွင် ပင်တိုင်ဆောင်းပါးရေးသားခဲ့သည်။ ပင်တိုင်ဆောင်းပါးရေးသားခဲ့သည့် စာအုပ်ရှစ်အုပ်ထွက်ရှိခဲ့ပြီး Ph.D (AM) ဘွဲ့ကို အိန္ဒိယနိုင်ငံမှ ရရှိခဲ့သည်။ ယခု အသက် (၇၇) နှစ်ရှိပြီး စာပေရေးသားလျက်ရှိကာ ဒေဝယက္ခဆေးဝါး ထုတ်လုပ်ရေးလည်း လုပ်ကိုင်လျက်ရှိသည်။ ၂၀၁၁ ခုနှစ် "အလှအယဉ် မြန်မာလေ့ပွဲတော်တစ်ခွင် စာအုပ်ဖြင့် စာပေဗိမာန်စာမူ ဒုတိယဆု၊ ၂၀၁၃ ခုနှစ် "မြန်မာ့တိုင်းရင်းဆေးပမာဏ နိဒါန်းဖြင့်" စာပေဗိမာန်ပထမဆုများ ရရှိခဲ့ပါသည်။

**သတင်း-ကိုသက်(ဗိုလ်တထောင်)**
**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

## ချင်းတွင်းမြစ်အတွင်း အမြန်ရေယာဉ်တစ်စင်း တိမ်းမှောက်

**မုံရွာ နိုဝင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ချင်းတွင်းမြစ်ဆိပ်ကမ်းမှ မောင်းနှင်လာသည့် မြန်မာဇမ္ဗူထွန်းရေယာဉ်အသင်းမှ ရာဇာထွန်း အမြန်ရေယာဉ်သည် နိုဝင်ဘာ ၁ ရက်တွင် ခရီးသည် ၇၉ ဦး တင်ဆောင်ပြီး မုံရွာမြို့မှ ဟုမ္မလင်းမြို့နယ် ဆယ်ဇင်းသို့ ထွက်ခွာလာရာ လမ်းခရီးတစ်လျှောက် ၁၄ ဦးဆင်းပြီး ဆက်လက်ထွက်ခွာလာရာ ကလေးဝမြို့နယ် ဂဇက်ကျေးရွာအနီး လောင်းဂရိတ်ဝဲအရောက် နံနက် ၅ နာရီခန့်တွင် နစ်မြုပ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါရေယာဉ်နစ်မြုပ်မှုဖြစ်စဉ်အား သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းများနှင့် လူမှုရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများက ကယ်ဆယ်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခဲ့ရာ ရေယာဉ်ပေါ်တွင် လိုက်ပါလာသူ ၆၅ ဦးအနက် ၅၃ ဦးအား အသက်ရှင်လျက် ကယ်ဆယ်နိုင်ခဲ့ပြီး ရှစ်ဦး ပျောက်ဆုံးလျက်ရှိကာ လေးဦး၏ အလောင်းအား ပြန်လည်တွေ့ရှိသည်။

ရေယာဉ်နစ်မြုပ်မှုတွင် အသက်မသေဘဲ ကယ်ဆယ်ရရှိသည့် ၅၃ ဦးအား ကလေးဝမြို့နယ် ဂဇက်ကျေးရွာ ဓမ္မာရုံတွင် ယာယီနေရာချထားပေးလျက်ရှိပြီး ခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီအဖွဲ့မှ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ရေယာဉ်နစ်မြုပ်ချိန် ရေယာဉ်ပေါ်တွင် ကုန်ချိန် ပိဿာ ခုနစ်ထောင်ခန့် တင်ဆောင်ထားပြီး ကုန်စိမ်း၊ ငါးသေတ္တာပုံးများနှင့် ခရီးသည် ၆၅ ဦးတို့အား တင်ဆောင်ထားကြောင်း သိရသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**

## ပြည်တွင်းရေးရာ

❖စာမျက်နှာ ၃ မှ
ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်သူတို့၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတစ်ရပ်ဖြစ်သည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ထို့အတူ အုပ်ချုပ်ရေးပိုင်းတွင်လည်း ပြည်သူကိုဗဟိုပြုသည့်စနစ်ကို ပြောင်းလဲကျင့်သုံးပြီး စီးပွားရေးကဏ္ဍတိုးတက်စေရန် ပုဂ္ဂလိကအခန်းကဏ္ဍကို မြှင့်တင်ပေးခဲ့ခြင်းကြောင့် ယနေ့အချိန်တွင် ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများကိုရရှိနေပြီဖြစ်ပါကြောင်း၊ ကဏ္ဍအလိုက်ရရှိထားပြီးဖြစ်သော အခြေခံကောင်းများကို ဆက်လက်ရှင်သန်တိုးတက်အောင် ကြိုးပမ်းမြှင့်တင် ဆောင်ရွက်ကြရာတွင် နိုင်ငံတော်အစိုးရနှင့်အတူ ပြည်သူများက လက်တွဲပူးပေါင်းပြီး ဆက်လက်လုပ်ဆောင်သွားကြရန် လိုအပ်ပါကြောင်း။

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးသည် နိုင်ငံတော်၏ ဂုဏ်သိက္ခာနှင့် သက်ဆိုင်သောကြောင့် တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်း လုံလုံခြုံခြုံဖြင့် အောင်မြင်စွာကျင်းပနိုင်ရေးနှင့် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲဖြစ်အောင် ပြည်သူလူထု အားလုံးက ဝိုင်းဝန်းပူးပေါင်းကြိုးပမ်း ဆောင်ရွက်ကြရန် အထူးလိုအပ်ပါကြောင်း တိုက်တွန်းပြောကြားသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ ရဟတ်ယာဉ်များဖြင့် မြိတ်မြို့သို့ ပြန်လည်ရောက်ရှိပြီး ထိုမှတစ်ဆင့် မြန်မာ အမျိုးသားလေကြောင်းဖြင့် ဆက်လက်ထွက်ခွာလာရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား တနင်္သာရီမြို့၌ ဒေသခံပြည်သူများက ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်ကြစဉ်။** (သတင်းစဉ်)

# လွိုင်လင်ခရိုင် ကျေးသီးမြို့နယ် မိုင်းနောင်မြို့အနီး ဝိန်းကောင်ကျေးရွာရှိ တပ်မတော်တပ်ရင်းဌာနချုပ်သို့ အက်စ်အက်စ်အေ(ဝမ်ဟိုင်း)အဖွဲ့က ထပ်မံလာရောက်တိုက်ခိုက်


**နေပြည်တော် နိုဝင်ဘာ ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ကျေးသီးမြို့နယ် မိုင်းနောင်မြို့အနီး ဝိန်းကောင်ကျေးရွာရှိ တပ်မတော်တပ်ရင်းဌာနချုပ်သို့ အက်စ်အက်စ်အေ (ဝမ်ဟိုင်း)အဖွဲ့ အင်အား ၂၀၀ ခန့်က လက်နက်ကြီး/လက်နက်ငယ်များဖြင့် အောက်တိုဘာ ၂၉ ရက် ညနေ ၅ နာရီတွင် တစ်ကြိမ်၊ ည ၈ နာရီခွဲတွင် တစ်ကြိမ်၊ ည ၁၂ နာရီခွဲတွင် တစ်ကြိမ် ပေါင်း သုံးကြိမ်နှင့် အောက်တိုဘာ ၃၀ ရက် နံနက် ၄ နာရီ ၂၀ မိနစ်တွင် တစ်ကြိမ်၊ နံနက် ၅ နာရီတွင် တစ်ကြိမ် ပေါင်း နှစ်ကြိမ် စုစုပေါင်း ငါးကြိမ် နှောင့်ယှက်ပစ်ခတ် တိုက်ခိုက်ခဲ့ရာ တပ်ရင်းဌာနချုပ်မှ အရာရှိ၊ စစ်သည်များနှင့် အိမ်ထောင်သည် ရဲမေမိသားစုများက ရွပ်ရွပ်ချွံချွံပြန်လည်ခုခံတိုက်ခိုက်ခဲ့သဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်သူများအနေဖြင့် နံနက် ၇ နာရီခန့်တွင် ပြန်လည်ဆုတ်ခွာသွားကြောင်းသိရသည်။

ဖြစ်စဉ်တွင် တပ်မတော်မှ အရာရှိ၊ စစ်သည်အချို့ ကျဆုံးပြီး ထိခိုက်ဒဏ်ရာရရှိမှုများရှိခဲ့သည့်အပြင် အဆောက်အအုံအချို့လည်း ထိခိုက်ပျက်စီးမှုရှိခဲ့သည်။

အက်စ်အက်စ်အေ(ဝမ်ဟိုင်း)အဖွဲ့အနေဖြင့် အဆိုပါတပ်ရင်းဌာနချုပ်အား အောက်တိုဘာ ၁၆ ရက်၊ ၁၈ ရက်နှင့် ၂၆ ရက်တို့တွင်လည်းကောင်း၊ မိုင်းရှူးမြို့နယ် မိုင်းစံကျေးရွာရှိ တပ်မတော်တပ်ရင်းဌာနချုပ်အား အောက်တိုဘာ ၂၄ ရက်နှင့်၂၈ ရက်တို့တွင် လည်းကောင်း လက်နက်ကြီး/လက်နက်ငယ်များဖြင့် နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်းလည်း သိရသည်။

အက်စ်အက်စ်အေ(ဝမ်ဟိုင်း)အဖွဲ့သည် သတ်မှတ်နေရာအားကျော်လွန်၍ နယ်မြေချဲ့ထွင်ခြင်းများ ဆောင်ရွက်ခဲ့သည့်အပြင် တပ်ရင်းဌာနချုပ်များကိုလည်း အကြိမ်ကြိမ် နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်မှုများပြုလုပ်လာခြင်းကြောင့် နယ်မြေလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ထိခိုက်စေခဲ့ရာ တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းခြင်းနှင့် စစ်ရေးအရ ဆောင်ရွက်သင့်သည်များကို ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း သတင်းရရှိသည်။ **(မြဝတီ)**




# လွန်ခဲ့သောငါးနှစ်ခန့်နှင့် နှိုင်းယှဉ်လျှင် များစွာတိုးတက်ပြောင်းလဲလာသော မြန်မာနိုင်ငံ

**နေပြည်တော် နိုဝင်ဘာ ၁**

အောက်တိုဘာ ၂၆ ရက်ထုတ် ကမ္ဘာ့စီးပွားရေးသတင်းစာတစ်စောင်ဖြစ်သော Financial Times (United Kingdom) သတင်းစာက လွန်ခဲ့သော ငါးနှစ်ကစပြီး မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းရေး စတင်လုပ်ဆောင်ခဲ့စဉ်က အသွင်ကူးပြောင်းရေးလုပ်ငန်းများ မည်၍မည်မျှ ခရီးပေါက်မည်ကို သံသယရှိခဲ့ကြကြောင်း၊ မြန်မာနိုင်ငံတွင် ဘာမှပြောင်းလဲမှု မရှိဟုဆိုသူများမှာ မှားယွင်းကြောင်း၊ မြန်မာနိုင်ငံသည် လွန်ခဲ့သောငါးနှစ်ခန့်နှင့် နှိုင်းယှဉ်လျှင် နိုင်ငံတကာအသိုက်အဝန်းသို့ ထဲထဲဝင်ဝင်ရောက်ရှိလာခြင်း၊ ဖိနှိပ်ချုပ်ချယ်မှုများလျော့နည်းသွားခြင်းနှင့် အရပ်ဘက်အဖွဲ့အစည်းများ အစီအရီပေါ်ထွန်းလာခြင်း စသည်ဖြင့် များစွာတိုးတက်ပြောင်းလဲလာခဲ့ကြောင်း၊ ရာစုနှစ်တစ်ဝက်ကျော်ကြာ စစ်မှန်သောဒီမိုကရေစီရွေးကောက်ပွဲကို နိုဝင်ဘာ ၈ ရက်တွင် ပထမဆုံးအနေဖြင့် ကျင်းပတော့မည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲတွင် မသမာမှုများမရှိခဲ့သည့်တိုင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် အပြတ်အသတ်အနိုင်ရရန် မသေချာပါကြောင်း၊ ထို့ကြောင့် လက်ရှိ သမ္မတဦးသိန်းစိန်ကပင် သမ္မတပြန်ဖြစ်နိုင်သည့်အနေအထား၌ ရှိနေဆဲဖြစ်ကြောင်း၊ မြန်မာစစ်ဗိုလ်ချုပ်ကြီးများအနေဖြင့် နိုင်ငံရေးအာဏာနှင့် ပတ်သက်ပြီး ချင့်ချင့်ချိန်ချိန်ရှိလာကြခြင်းဖြင့် သမိုင်းမော်ကွန်းရေးထိုးနေကြကြောင်း၊ ဤအချက်ကပင် ချီးကျူးစရာဖြစ်ကြောင်း၊ လာမည့်ရွေးကောက်ပွဲတွင် မည်သူကအနိုင်ရသည်ဖြစ်စေ အနိုင်ရသူက ပျားရည်ဆမ်းကာလကို ခဏတာ ရရှိကြလိမ့်မည်ဖြစ်ကြောင်း စသည်ဖြင့် ရေးသားဖော်ပြထားသည်။

**(ကျော်သဲအိမ်)**

# ပုဗ္ဗသီရိမြို့နယ်တွင် အထူးရဲများ သင်တန်းဆင်း

**နေပြည်တော် နိုဝင်ဘာ ၁**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ်ရဲတပ်ဖွဲ့ အထူးရဲများ ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးသင်တန်းဆင်းပွဲကို အောက်တိုဘာ ၃၁ ရက် နံနက် ၁၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပုဗ္ဗသီရိမြို့မရဲစခန်း စခန်းမှူး ဒုရဲမှူးကျော်မြင့်က သင်တန်းဆင်းအမှာစကားပြောကြားခဲ့သည်။ ပုဗ္ဗသီရိမြို့နယ်တွင် မဲရုံ ၇၅ ခု ရှိရာ မဲရုံတစ်ရုံလျှင် အထူးရဲတစ်ဦးဖြင့် လုံခြုံရေးတာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မင်းမင်းလတ်(ရုပ်ဗေဒ)**



**ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် သဖန်းဆိပ်ကုန်းကျေးရွာ ဦးဝင်းကြည်၏ လယ်အတွင်း မိုးစပါး(ဆင်းသုခ)အား စက်မှုလယ်ယာစနစ်ဖြင့် ရိတ်သိမ်းနေမှုကို အောက်တိုဘာ ၂၉ ရက်က တွေ့ရစဉ်။**

(သပြေထွန်း)

# ဘော်ကြိုကျောင်းတိုက်အတွင်း ရှေးဟောင်းဘုရား ၅၆ ဆူ ထပ်မံတူးဖော်တွေ့ရှိ



**ဘော်ကြို နိုဝင်ဘာ ၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် ဘော်ကြိုကျေးရွာရှိ ဘော်ကြိုဘုန်းကြီးကျောင်းတိုက်အတွင်း၌ ဇူလိုင် ၂၃ ရက်မွန်းလွဲပိုင်းက"ဓာတ်ပေါင်းစုဂန္ဓကုဋီတိုက်တော်" တည်ဆောက်ရန်အတွက် မြေတူးဖော်ရာမှ ရှေးဟောင်းဗုဒ္ဓဆင်းတုတော် ၃၀၂ ဆူအား တွေ့ရှိခဲ့ရာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများ နေ့စဉ်စည်ကားစွာ လာရောက်ဖူးမြော်ကြည်ညိုခဲ့ကြသည်။

ဆက်လက်၍ ဓာတ်ပေါင်းစုဂန္ဓကုဋီတိုက်တော်ကြီး တည်ဆောက်မှုလုပ်ငန်းများကို ပန်းရန်ဆရာကြီး ဦးမြင့်စိုးနှင့်အဖွဲ့က အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂၄ ရက် နံနက်ပိုင်းက အဆိုပါ တည်ဆောက်ဆဲနေရာအနီး ရေမြောင်းအတွက် မြေတူးဖော်ရာမှ ရွှေ၊ ငွေ၊ ကြေး ရောရာ ဆင်းတုတော်၊ စကျင်ကျောက်သားဖြူ ဆင်းတုတော်နှင့် ဖန်သားဆင်းတုတော် စုစုပေါင်း ၅၆ ဆူတို့ကို ထပ်မံတူးဖော်တွေ့ရှိခဲ့သည်။ ယခုအခါ ပထမဆုံးတူးဖော်တွေ့ရှိခဲ့ရသော ရှေးဟောင်းဆင်းတုတော် ၃၀၂ ဆူနှင့် ယခုထပ်မံတူးဖော်တွေ့ရှိခဲ့ရသည့် ရှေးဟောင်းဆင်းတုတော် ၅၆ ဆူအပါအဝင် စုစုပေါင်း ၃၅၈ ဆူအား ဘော်ကြိုကျောင်းတိုက်၌ အပူဇော်ခံထားရှိရာ**(ယာပုံ)** လာရောက်ဘုရားဖူးသူပရိသတ်များဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

**ကိုလတ် (သီပေါ)**

# ရေကြောင်းရဲတပ်ဖွဲ့သို့ ထူးဖောင်ဒေးရှင်းမှ Speed Boat ရေယာဉ်လွှဲပြောင်းလှူဒါန်း

**ကော့သောင်း နိုဝင်ဘာ ၁**

ထူးဖောင်ဒေးရှင်းနာယကဦးတေဇ ဦးဆောင်သည့် ထူးဖောင်ဒေးရှင်းမှ ပြည်ထဲရေးဝန်ကြီးဌာန ရေကြောင်းရဲတပ်ဖွဲ့တွင် အသုံးပြုနိုင်ရန်အတွက် Carver yacht 370 အမျိုးအစား Speed Boat လွှဲပြောင်းလှူဒါန်းခြင်း အခမ်းအနားကို အောက်တိုဘာ ၃၀ ရက်နံနက်၈နာရီခွဲတွင် ကော့သောင်းမြို့ ဘုရင့်နောင်တံတားတွင် ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ထူးဖောင်ဒေးရှင်း အမှုဆောင်အရာရှိချုပ် ဦးပေါ်မြင့်ဦးက ရေယာဉ်လှူဒါန်းရခြင်း အကြောင်းနှင့် ထူးဖောင်ဒေးရှင်းမှ ဆောင်ရွက်နေမှုအား ရှင်းလင်းပြောကြားခဲ့ပြီး ရေကြောင်းရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်မြဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။




ထို့နောက် ထူးဖောင်ဒေးရှင်း အမှုဆောင်အရာရှိချုပ်က ရေယာဉ်နှင့်ပတ်သက်သောအထောက်အထားများ ပေးအပ်ခဲ့ပြီး ရေကြောင်းရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်မြဝင်းကလည်း ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**မန်း(ကိုယ်ပွား)**

❖

# အပြည်ပြည်ဆိုင်ရာကရာတေးသရုပ်ပြ

**မန္တလေး နိုဝင်ဘာ ၁**

International Karate Organization Kyokushin Kaikan ခါးစည်းနက် (1st Dan) ပေးအပ်ပွဲ၌ Kyokushin သရုပ်ပြပွဲအခမ်းအနားကို အောက်တိုဘာ ၃၁ရက် ညနေ ၄ နာရီက မန္တလေးမြို့ ကျုံးတောင်ဘက် (၂၆)လမ်းနှင့် (၇၅)လမ်းထောင့်ရှိ YMCA ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်၊ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝေဇင်၊ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် နာယက ဆရာကြီး ဦးကျော်မြင့်၊ တိုင်းဒေသကြီးကရာတေးဒိုဆပ်ကော်မတီအတွင်းရေးမှူး ဦးဇော်နိုင်၊ တိုင်းဒေသကြီး ဝူရှူးဆပ်ကော်မတီအတွင်းရေးမှူး ဦးကျော်အေး၊ မြန်မာပြည်တာဝန်ခံ ဆရာကြီး ဦးအောင်မြင့်၊ သင်တန်းသားသင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ ရှေးဦးစွာ တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံတာဝန်ခံက Kyokushin လက်မှတ်ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဆရာကြီးဦးအောင်မြင့်က သင်တန်းသားသင်တန်းသူများအား ခါးစည်းနက် (1st Dan) ပေးအပ်ပြီး ခါးစည်းအဝါအဆင့်လူငယ်လေးများက Kyokushin ကစားနည်းများသရုပ်ပြကြသည်။ ယင်းနောက် ခါးစည်းအညိုအဆင့် ခန့်စိုးသက်က လက်ဝါးစောင်းဖြင့် ငရုတ်ကျည်ပွေ့ချိုးပြခြင်း၊ ခါးစည်းအညိုအဆင့် မဆွေဆွေလွင်က ဓားသမားနှစ်ဦးအား ခုခံကာကွယ်တိုက်ခိုက်ပြခြင်း၊ ဆရာကြီးကတူဖြင့်လည်မျိုထောက်၍ ရိုက်ချိုးပြခြင်း၊ ခါးစည်းအညိုအဆင့် မနှင်းယုလင်းက ပစ္စည်းလု၍ ရမ်းကားသူနှစ်ဦးအား ပြန်လည်ခုခံတိုက်ခိုက်ခြင်း၊ ခါးစည်းညိုသီဟက အများနှင့်တစ်ယောက် ခုခံကာကွယ်တိုက်ခိုက်ခြင်းနှင့် ခါးစည်းအနက် ဖိုးကေက ၇၅ပေါင် ရေခဲတုံး ငါးတုံးအား လက်ဝါးချောင်းဖြင့် ခွဲပြခြင်းတို့ကို တက်ရောက်သူများက ကြည့်ရှုအားပေးကြသည်။

အဆိုပါ Kyokushin သင်တန်းကို အင်္ဂါ၊ ကြာသပတေးနှင့် စနေနေ့တို့တွင် နံနက် ၆နာရီမှ ၇နာရီနှင့် ညနေ ၅ နာရီမှ ၆ နာရီအတွင်း သင်တန်းပို့ချပေးပြီး တနင်္ဂနွေနေ့ နံနက် ၆နာရီတွင် မန္တလေးတောင်တက်လှေကျင့်ခန်းများ ဆောင်ရွက်ကြကာ သင်တန်းသား သင်တန်းသူ ၇၅ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ကျောက်တန်းမြို့နယ် တံတားမြို့တွင် မူကြိုကျောင်းဆောင်သစ်ဖွင့်

**ကျောက်တန်း နိုဝင်ဘာ ၁**

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် တံတားမြို့တွင် မူကြိုကျောင်းဆောင်သစ်ဖွင့်ပွဲကို အောက်တိုဘာ ၂၉ ရက် နံနက် ၁၁ နာရီခွဲက ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ခင်သက်ဌေး၊ မြင့်ထွန်းဦး ကျောက်စိမ်းနှင့် ကျောက်မျက်ကုမ္ပဏီမှ ဦးမောင်ကြီးနှင့် တံတားမြို့ မြို့မိမြို့ဖ ဦးအောင်ဆွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

ကျောင်း၏ အကျယ်မှာ (၃၅ ပေ × ပေ ၃၀) ဖြစ်ပြီး သွပ်မိုး RC တစ်ထပ်ဆောင်ဖြစ်၍ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ မတည်ငွေကျပ် ၁၉၉ သိန်းနှင့် မြင့်ထွန်းဦး ကျောက်စိမ်းနှင့်ကျောက်မျက်ကုမ္ပဏီမှ ငွေကျပ်သိန်း ၅၀ ဖြင့် တည်ဆောက်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **အောင်ဆွေ(ရွှေတံတား)**

# ၂၀၁၅ ခုနှစ် အာရှဘီအမ်အိပ်စ်စက်ဘီးပြိုင်ပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁**

အာရှစက်ဘီးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၊ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်တို့ပူးပေါင်း၍ မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် ၂၀၁၅ ခုနှစ် အာရှ BMX စက်ဘီးပြိုင်ပွဲကို ယမန်နေ့နံနက် ၈ နာရီက နေပြည်တော် Mount Pleasant ဟိုတယ်အနီးရှိ BMX စက်ဘီးပြိုင်ကွင်းအတွင်း ကျင်းပခဲ့သည်။

ပြိုင်ပွဲတွင် အိမ်ရှင် မြန်မာ၊ တရုတ်၊ ဂျပန်၊ ကိုရီးယား၊ ထိုင်း၊ စင်ကာပူ၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ မလေးရှား၊ အရှေ့တီမောတို့မှ ပြိုင်ပွဲဝင်အားကစားသမား စုစုပေါင်း ၆၀ ပါဝင်ယှဉ်ပြိုင်ကြပြီး နံနက်ပိုင်းတွင် အသက် (၁၉) နှစ်အောက် အမျိုးသား/အမျိုးသမီး တစ်ဦးချင်း စံချိန်ပြု လူရွေးပြိုင်ပွဲများ၊ အသက် (၁၉)နှစ်အထက် အမျိုးသား/အမျိုးသမီးတစ်ဦးချင်း စံချိန်ပြု လူရွေးပြိုင်ပွဲများ ကျင်းပသည်။

ဆက်လက်၍အသက် (၁၉)နှစ်အောက် အမျိုးသား/အမျိုးသမီး အုပ်စုလိုက် စံချိန်ပြု လူရွေးပြိုင်ပွဲများ၊ အသက် (၁၉)နှစ်အထက် အမျိုးသား/အမျိုးသမီး အုပ်စုလိုက် စံချိန်ပြု လူရွေးပြိုင်ပွဲများ ကျင်းပသည်။ မွန်းလွဲပိုင်းတွင် အသက် (၁၉)နှစ်အထက် အမျိုးသား/အမျိုးသမီး ဆီမီး ဖိုင်နယ်ပွဲစဉ်များ၊ အသက် (၁၉)နှစ်အောက် အမျိုးသား/အမျိုးသမီး ဆီမီးဖိုင်နယ်ပွဲစဉ်များ၊ ဆက်လက်၍ အသက် (၁၉)နှစ်အောက် အမျိုးသား/အမျိုးသမီး ဗိုလ်လုပွဲစဉ်များနှင့် အသက်(၁၉)နှစ်အထက် အမျိုးသား/အမျိုးသမီး ဗိုလ်လုပွဲစဉ်များကို ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲများအပြီး ဆုပေးပွဲကျင်းပရာ ငွေသားဆုနှင့် အမှတ်တရပစ္စည်းများကို ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ အသက် (၁၉)နှစ်အောက် အမျိုးသမီး ပြိုင်ပွဲတစ်လျှောက် တစ်ဦးချင်းစံချိန်ပြု အကောင်းဆုံးဆုများကို ချီးမြှင့်ရာ ပထမဆုရ မြန်မာနိုင်ငံမှ ခိုင်ဇင်မိုး၊ ဒုတိယဆုရ ထိုင်းနိုင်ငံမှ KITWANITSATHIAN Chutikan၊ တတိယဆုရ တရုတ်နိုင်ငံမှ CHAN Yuan Lyu တို့အား မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမြတ်သူကလည်းကောင်း၊ အသက် (၁၉)နှစ် အောက် အမျိုးသား ပြိုင်ပွဲတစ်လျှောက် တစ်ဦးချင်း စံချိန်ပြု အကောင်းဆုံးဆုများကို ချီးမြှင့်ရာ ပထမဆုရ ဂျပန်နိုင်ငံမှ DAICHI Yamaguchi၊ ဒုတိယဆုရ ဂျပန်နိုင်ငံမှ YUTO Hasegawa၊ တတိယဆုရ ထိုင်းနိုင်ငံမှ KAEWSRI-KHAO Sitthichok တို့အား မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ် အတွင်းရေးမှူး ဦးဂျွန်ဆင်းက လည်းကောင်း ဆုများကို ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**



နည်းပညာ

# Acer မှမြေပြင်အနေအထားအမျိုးမျိုးတွင်သွားလာနိုင်သောယာဉ်ထုတ်လုပ်မည်

Acer ဟုဆိုလိုက်လျှင် စမတ်ဖုန်း၊ တက်ဘလက်နှင့် ကွန်ပျူတာပစ္စည်းများကိုပင် မြင်ယောင်မိကြမည်ဖြစ်သည်။ ယခုအခါ ထိုင်ဝမ်အခြေစိုက် နည်းပညာလုပ်ငန်းတစ်ခုဖြစ်သော Acer ၏ခြေလှမ်းသစ်တစ်ခုကို တွေ့မြင်ရမည်ဖြစ်သည်။

မြေပြင်အနေအထားအမျိုးမျိုးတွင် သွားလာနိုင်သော ယာဉ်တစ်မျိုးကို Acer မှ နည်းပညာသစ်များဖြင့် စတင်ထုတ်လုပ်မည်ဟုသိရသည်။ Acer မှ eATV ဟုခေါ်သော Electric All-Terrain Vehicle အမျိုးအစားကို X Terran ဟု အမည်ပေးထားပြီး မြူးနစ်မြို့၌ ကျင်းပသည့် eCarTech Conference တွင် မိတ်ဆက်ပြသခဲ့ခြင်း ဖြစ်သည်။ ကားနှင့်ပတ်သက်သည့် အချက်အလက် အသေးစိတ်များကို ထုတ်ပြန်ကြေညာခဲ့ခြင်း မရှိသေးချေ။ Acer သည် အဆိုပါယာဉ်နှင့်ပတ်သက်၍ လျှပ်စစ်လောင်စာကိုသာ အသုံးပြုသွားမည်ဖြစ်ပြီး စွမ်းအင်ချွေတာသည့်နည်းပညာကိုပါ ထည့်သွင်းထားသည်ဟုသိရသည်။ Acer သည် MPS Energy ဟု ခေါ်သည့် ဌာနခွဲတစ်ခုကို တည်ထောင်ထားပြီး လျှပ်စစ်ယာဉ်များအတွက် စွမ်းအင်ထုတ်လုပ်မှုကို ကူညီမည်ဟု ကြေညာထားခဲ့သည်။ ထို့ပြင် Smart Cars များအတွက် BMS ဟုခေါ်သည့် Battery Management System တစ်ခုကို ထုတ်လုပ်နေခဲ့ခြင်းဖြစ်ပါသည်။ Acer ၏ BMS စနစ်တွင် Motherboard တစ်ခုနှင့် ဘက်ထရီ သုံးခုပါဝင်ပြီး ဘက်ထရီတစ်ခုတွင် ၈ ဒသမ ၇ ကီလိုဝပ်စီ ထုတ်လုပ်ပေးနိုင်စွမ်းရှိသည်။

ပုံမှန်အားဖြင့် ကွန်ပျူတာကုမ္ပဏီတစ်ခုဖြစ်သော Acer အနေဖြင့် မော်တော်ယာဉ်ထုတ်လုပ်မှုသည် သမားရိုးကျမဟုတ်ဟု ဆိုနိုင်သော်လည်း ပြိုင်ဘက်ကုမ္ပဏီများဖြစ်သည့် Samsung နှင့် Xiaomi တို့သည်လည်း မော်တော်ယာဉ်ထုတ်လုပ်မှုများ ရှိနေပြီး Apple ကုမ္ပဏီသည်လည်း မောင်းသူမဲ့ကားတစ်မျိုး ထုတ်လုပ်ဖို့ရှိသည်ဟု သတင်းများ ထွက်ပေါ်နေသည့်အတွက် Acer အနေဖြင့် ဈေးကွက်ဝေစုရနိုင်ရန် ကြိုတင်ကြိုးပမ်းမှုတစ်မျိုး ဖြစ်နိုင်သည်ဟု ပညာရှင်များက ခန့်မှန်းထားကြောင်း သိရသည်။



ALEZ

## ရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် ခရိုင်ရွေးကောက်ပွဲစော့စပ်ညှိနှိုင်းရေးကော်မတီ တွေ့ဆုံ

ရန်ကုန် နိုဝင်ဘာ ၁

ရန်ကုန်မြောက်ပိုင်းခရိုင် ရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် ခရိုင်ရွေးကောက်ပွဲစော့စပ်ညှိနှိုင်းရေးကော်မတီတို့ တွေ့ဆုံပွဲကို အောက်တိုဘာ ၃၀ ရက်တွင် မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး ဦးမြတ်ထွန်းဦးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးအောင်ခိုင်က မြောက်ပိုင်းခရိုင်အတွင်းရှိ မဲရုံများအခြေအနေ၊ မဲလက်မှတ်များ ဖြန့်ခွဲပြီးစီးမှု၊ မဲရုံသုံးပစ္စည်းများ ဖြန့်ဝေပြီးစီးမှု၊ မဲစာရင်းများ နောက်ဆုံးအခြေအနေထိ ဆောင်ရွက်ပြီးစီးမှုနှင့် ကြိုတင်ဆန္ဒမဲများပေးနေမှုတို့ကို အသေးစိတ်ရှင်းလင်းသည်။

ထို့နောက် ခရိုင်လုံခြုံရေးဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်လွင်က မဲဆွယ်စည်းရုံးကာလ၊ မဲပေးသည့်ကာလနှင့် ဆန္ဒမဲပေးပြီးနောက်ပိုင်းကာလများအတွက် မြို့နယ်အလိုက်၊ မဲရုံအလိုက် လုံခြုံရေးစီမံဆောင်ရွက်ထားရှိမှုတို့ကို အသေးစိတ်တင်ပြသည်။

ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်း၌ မဲရုံပေါင်း ၁၅၄၁ ရုံရှိပြီး မဲဆန္ဒရှင်ဦးရေ ၁၈ သိန်းကျော်ရှိကြောင်း သိရသည်။

**မျိုးသန့်(IPRD)**

## ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ သိမ်ချောင်းအား စက်ယန္တရားဖြင့် တူးဖော်ဆောင်ရွက်

ရန်ကုန် နိုဝင်ဘာ ၁

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၁၉)၊(၂၀)၊(၂၁)၊(၆၃)၊(၆၄) ရပ်ကွက်များမှ ဖြတ်သန်းစီးဆင်းသည့် သိမ်ချောင်း အရှည်ပေ ၁၅၉၀၀အား ကုန်း/ရေနှစ်ထွေသွား ယန္တရား Amphibious Excabater ဖြင့် အောက်တိုဘာ ၁ ရက်မှ ၃၀ ရက်အထိ အကျယ် ၁၈ ပေ၊ အနက် ၁၀ ပေရရှိစေရန် တူးဖော်ဆောင်ရွက်ခဲ့ရာ အရှေ့ပိုင်းခရိုင် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်သိန်း၊ မြို့နယ်စည်ပင်ဥက္ကဋ္ဌ ဦးမြကွန်း၊ အတွင်းရေးမှူး ဦးလှသိန်းတို့က နေ့စဉ်ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(၁၉၇)**

## မုံရွာတွင် မဲပေးနည်းအဆင့်ဆင့် လက်တွေ့သရုပ်ပြ

**မုံရွာ နိုဝင်ဘာ ၁**

၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင် ပြည်သူများအနေဖြင့် စနစ်တကျ မှန်ကန်စွာ မဲပေးနိုင်ရန် ရည်ရွယ်၍ ဆန္ဒမဲပေးနည်းအဆင့်ဆင့် သရုပ်ပြပွဲကို မုံရွာမြို့ တိုင်းဒေသကြီး အားကစားကွင်းအတွင်းရှိ မိုးလုံလေလုံ အားကစားခန်းမတွင် အောက်တိုဘာ ၂၉ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါသရုပ်ပြပွဲတွင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ လုပ်ငန်းတာဝန်များကိုလည်းကောင်း၊ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မဲပေးရာတွင် ဆောင်ရွက်ရမည့် မဲပေးနည်းအဆင့်ဆင့်ကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့ပြီး မဲဆန္ဒရှင်ပြည်သူများက လက်တွေ့အစမ်း မဲပေးခဲ့ကြရာ ရပ်ကွက်နှင့် ကျေးရွာ ကော်မရှင်အဖွဲ့ခွဲဝင်များ၊ မဲရုံမှူးနှင့် ဒုတိယမဲရုံမှူးများက မဲပေးနည်း အဆင့်ဆင့်ကို ကူညီသရုပ်ပြခဲ့သည်။

ယင်းအခမ်းအနားသို့ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်သန့်နိုင်၊ တိုင်းဒေသကြီး ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးတင်ဦးနှင့် အတွင်းရေးမှူး ဦးကျော်သူဇော်၊ ခရိုင်၊ မြို့နယ် ရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မဲရုံအသီးသီးတွင် တာဝန်ထမ်းဆောင်ကြမည့် ဆရာ ဆရာမများနှင့် မဲဆန္ဒရှင်ပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

## ပတ်ဝန်းကျင်ဘာသာရပ်ဆိုင်ရာနည်းပညာ ရန်ကုန်တက္ကသိုလ်တွင် ဟောပြောမည်

**နေပြည်တော် နိုဝင်ဘာ ၁**

ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမတွင် ပတ်ဝန်းကျင် ဘာသာရပ်ဆိုင်ရာ နည်းပညာ ဟောပြောပွဲကို ရန်ကုန်တက္ကသိုလ်နှင့် စိမ်းလန်းအမိမြေဖွံ့ဖြိုးတိုးတက်ရေးအသင်း (ALARM ယခင် EcoDev)တို့ ပူးပေါင်းကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဟောပြောပွဲကို နိုဝင်ဘာ ၂ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဇီဝဗေဒ၊ ဓာတုဗေဒ၊ အဏုဇီဝနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထူးချွန်ဆုရသိပ္ပံပညာရှင် ဒေါက်တာ အောင်ကိုကိုကျော်၊ ဒေါက်တာ အောင်ကိုဝင်း၊ ဒေါက်တာ ဟိန်းမင်းထွန်းတို့က ဟောပြောမည်ဖြစ်ပြီး တက်ရောက်လိုသူများ ဖုန်း- ၀၉-၃၁၆၈၅၁၄၈သို့ ကြိုတင်စာရင်းပေးသွင်း ဆက်သွယ်နိုင်ကြောင်း စိမ်းလန်းအမိမြေဖွံ့ဖြိုးတိုးတက်ရေး အသင်းမှ သိရသည်။

**ဖိုးသန့်**

❑❑❑

## အောင်ဘာလေသိန်းဆုများဖွင့်

**ရန်ကုန် နိုဝင်ဘာ ၁**

**အထူးဆုကြီးတစ်ဆု ကျပ်သိန်း(၁၅၀၀)**

လ-၁၉၈၁၇၄

**ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၁၀၀၀)**

| | |
|---|---|
| ရ-၅၆၈၀၈၉ | ဆ-၉၈၈၈၆၀ |

**ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၅၀၀)ဆုများ**

| | |
|---|---|
| ကက-၁၂၃၄၅၈ | ယ-၃၀၈၂၇၉ |
| ကခ-၃၄၅၇၉၇ | ယ-၆၂၇၂၀၃ |
| ကင-၈၃၂၀၀၃ | |

**ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၃၀၀)ဆုများ**

| | |
|---|---|
| ယ-၃၀၀၆၃၉ | ဌ-၃၁၂၃၅၇ |
| ကင-၄၂၃၄၅၉ | သ-၅၁၄၃၀၆ |
| ဒ-၇၃၂၃၄၀ | ဍ-၉၈၀၈၁၇ |

**ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၂၀၀)ဆုများ**

| | |
|---|---|
| ဘ-၁၁၄၂၆၉ | င-၄၉၉၀၀၆ |
| ဋ-၅၃၉၃၈၈ | ကင-၅၈၀၆၈၅ |
| ဗ-၇၈၀၅၆၅ | ပ-၉၈၀၃၈၉ |
| ဈ-၉၈၆၂၇၄ | |

**ဆုတစ်ဆုချင်း ကျပ်သိန်း(၁၀၀)ဆုမဲများ**

| | |
|---|---|
| ဋ-၁၉၄၄၉၁ | ဆ-၂၀၁၁၇၀ |
| က-၂၂၃၄၁၄ | ရ-၂၆၁၈၃၅ |
| ခ-၃၁၃၅၈၃ | ဌ-၃၁၄၈၃၁ |
| ကက-၃၈၇၁၂၃ | ကက-၅၁၆၃၇၁ |
| ထ-၆၁၁၉၀၃ | န-၆၂၁၀၃၀ |
| ထ-၇၁၀၆၀၀ | ထ-၇၃၇၈၆၇ |
| င-၇၄၀၄၀၃ | ယ-၇၅၁၂၂၃ |
| ကဆ-၇၉၈၆၇၆ | ဈ-၈၂၉၂၈၇ |
| ည-၈၇၅၇၂၆ | င-၈၈၅၉၃၀ |

## နည်းပညာတက္ကသိုလ်(သန်လျင်) Project Show & Competition 2015 ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁**

နည်းပညာတက္ကသိုလ်(သန်လျင်)၏ Project Show & Competition 2015 ကို ယင်းတက္ကသိုလ်၌ အောက်တိုဘာ တတိယပတ်က ကျင်းပရာ ရှေးဦးစွာ ပါမောက္ခချုပ်ဒေါက်တာကေသီလွင်က နည်းပညာကျောင်းသားများအနေဖြင့် တီထွင်ဖန်တီးနိုင်မှုစွမ်းအားတိုးတက်မြင့်မားစေရေး၊ လက်တွေ့အကောင်အထည်ဖော်ရာတွင် Theory ပိုင်းနှင့် Practical ပိုင်းဆိုင်ရာများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ယခုနှစ်တွင် ပြပွဲနှင့်အတူ ဘာသာရပ်အသီးသီးမှ ကျောင်းသားကျောင်းသူများ၏ နည်းပညာလက်တွေ့ပြိုင်ပွဲများ ထည့်သွင်းကျင်းပခြင်းဖြင့် ထူးချွန်ထက်မြက်သော အင်ဂျင်နီယာကောင်းများ ပေါ်ထွန်းစေရေးအတွက် ကျင်းပပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းမှာကြားသည်။

ဆက်လက်၍ တော်ဝင်မိသားစု ကုမ္ပဏီဥက္ကဋ္ဌ ဦးကိုကိုထွေးက နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးဆောင်ရွက်ပေးမည့် အစီအစဉ်များအား ဆွေးနွေးမှာကြားသည်။ ယင်းနောက် ဘာသာရပ်ဆိုင်ရာ ကျောင်းသား ကျောင်းသူများ၏ ပြပွဲ၊ ပြိုင်ပွဲများအား ကြည့်ရှုအားပေးကြသည်။

ထို့နောက် Project Show & Competition 2015 တွင် ဆုရရှိသော ဘာသာရပ်အလိုက် ကျောင်းသား ကျောင်းသူများအား ပါမောက္ခချုပ် ဒေါက်တာ ကေသီလွင်နှင့် တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြသည်။

**သန်းဝင်း(သန်လျင်)**



# ဇာတ်ကောင်ပြောင်းလဲပါဝင်ခြင်းမရှိသည့် ပါဝါရိန်းဂျားရုပ်ရှင်သစ်



သားသားမီးမီးတို့ အကြိုက် ရောင်စုံ ပါဝါရိန်းဂျားလေးများ ပါဝင်သော လူစွမ်းကောင်းရုပ်ရှင် တစ်မျိုးဖြစ်သည့် ပါဝါရိန်းဂျား ရုပ်ရှင်များ၏ ရုပ်ရှင်သစ်ကို ၂၀၁၇ခုနှစ်တွင် ထုန်လုပ်ဖြန့်ချိ သွားမည်ဖြစ်သည်။

ယခင်ရုပ်ရှင်များတွင် ပါဝါ ရိန်းဂျားငါးဦးပါဝင်ခဲ့ရာမှ ယင်း ရုပ်ရှင်သစ်တွင် ဇာတ်ကောင်သစ် တစ်ဦး ထပ်မံပါဝင်မည်ဟု ကောလာဟလသတင်းများထွက်ခဲ့ ရာ ယင်းသတင်းမှာ မှန်ကန်ခြင်း မရှိကြောင်းနှင့် ရုပ်ရှင်သစ်တွင် လည်း ပါဝါရိန်းဂျားငါးဦးသာ ပါဝင် မည်ဖြစ်ကြောင်း Saban Entertainment က ထုတ်ဖော် ပြောကြားခဲ့သည်။

အဆိုပါရုပ်ရှင်သစ်တွင် အနီ ရောင်ပါဝါရိန်းဂျား ဂျက်ဆင်အဖြစ် ဒက်ကရီ မောင့်ဂိုမာရီကလည်း ကောင်း၊ ပန်းရောင်ပါဝါရိန်းဂျား ကင်မ်ဘာလေအဖြစ် နိုမီစကော့ထ က လည်းကောင်း၊ အနက်ရောင် ပါဝါရိန်းဂျား ဇက်ခ်အဖြစ် လူဒီလင်နံကလည်းကောင်း၊ အပြာ ရောင်ပါဝါရိန်းဂျား ဘစ်လီအဖြစ် အာဂျေဆိုင်လာက လည်းကောင်း၊ အဝါရောင်ပါဝါရိန်းဂျား ထရိုင်နီ အဖြစ် ဘက်ကရီဂျီကလည်းကောင်း အသီးသီးပါဝင်သရုပ်ဆောင်သွားကြ မည်ဖြစ်သည်။

အဆိုပါရုပ်ရှင်သည် ထူးခြားသည့် စွမ်းအားများ အသီးသီးရှိကြသည့် လူစွမ်းကောင်းငါးဦးတို့က ပါဝါ ရိန်းဂျားများအသွင် ဖန်တီးကာ ကမ္ဘာ ပေါ်ကျရောက်လာသည့် အန္တရာယ် များကို ၎င်းတို့၏စွမ်းအားများ အသုံးပြုကာ ရင်ဆိုင်တိုက်ထုတ်ပုံများ ကို ဇာတ်လမ်းဆင်ရိုက်ကူးထား သည့် ရုပ်ရှင်ဖြစ်သည်။ ယင်းရုပ်ရှင် သစ်ကို ဒါရိုက်တာ ဒင်န်းအစ်ရာရယ် လိုက်ထိက တာဝန်ယူရိုက်ကူးပေး မည်ဖြစ်ပြီး အင်္ဂလန်နိုင်ငံတွင် ၂၀၁၇ခုနှစ် ဇန်နဝါရီ ၁၃ရက်မှ စတင်ကာ ရုံတင်ပြသသွားမည်ဖြစ် သည်။

**အေးပြည့်**



## မိခင်များကိုအားကျစေခဲ့တဲ့ အဲလစ်စန်ဒရာအမ်ဘာရိုစီယို

ပုံမှာမြင်တွေ့ရတဲ့အတိုင်းစန်တာမော်နီကာမှာရှိတဲ့ သမီးလေးရဲ့ကျောင်း ကိုသွားကြိုခဲ့တဲ့ ဗစ်တိုးရီးယားစီးကရက်ထ်မော်ဒယ် အဲလစ်စန်ဒရာ အမ်ဘ ရိုစီယိုကိုအခြားသောမိခင်တွေကအားကျတဲ့မျက်လုံးတွေနဲ့ ငေးကြည့်နေခဲ့ ပါတယ်။

အကြောင်းကတော့ အဲလစ်စန်ဒရာဝတ်ဆင်ထားတဲ့ ဟောလိုးဝင်းပွဲတော် ဝတ်စုံကြောင့်ပါ။ နိုင်ငံရဲ့ထင်ရှားတဲ့ပွဲတော်တစ်ခုဖြစ်တဲ့ ယင်းပွဲတော်ရဲ့နေ့ရက် တွေမှာလူအများဟာ ထူးခြားတဲ့ဝတ်စုံတွေကို ဝတ်ဆင်သွားလာလေ့ရှိပါတယ်။ အဲလစ်စန်ဒရာကတော့ အနီရောင်တောက်တောက်ဝတ်စုံကို ဝတ်ဆင်ခဲ့တာမို့ လူအများကြားမှာထင်ရှားနေခဲ့ပါတယ်။ ဒါ့အပြင်ချစ်စရာကောင်းတဲ့ဝတ်စုံ ကြောင့် သူ့ကို ပြည့်စုံတဲ့အသွင်အပြင်နဲ့ အခြားသူတွေကငေးကြည့်ရလောက် အောင်ဖြစ်စေခဲ့တာပါလို့ တီအမ်ဇက်ဒေ့ါကွန်းကဖော်ပြခဲ့ပါတယ်။

**အေးပြည့်**

## နှစ်နှစ်နောက်ကျပြီးမှ ပြသနိုင်မယ့် The Good Dinosaur ကာတွန်းဇာတ်ကား နိုဝင်ဘာလအတွင်း ရုံတင်တော့မည်

ဒစ္စနေပစ်ဇာရဲ့ The Good Dinosaur ကာတွန်းဇာတ်ကားကို လာမယ့် နိုဝင်ဘာ၂၅ရက်မှာ ရုံတင် ပြသသွားမှာဖြစ်ပြီး စံချိန်တင်ဝင်ငွေ တစ်ရပ်ရရှိမယ်လို့ မျှော်လင့်ထား ကြောင်း ပစ်ဇာရဲ့ပြောရေးဆိုခွင့်ရှိသူ ဂျွန်လက်စ်တာက အတည်ပြုခဲ့ပါ တယ်။ ဒီဇာတ်ကားကို မူလက ၂၀၁၃ နိုဝင်ဘာ၂၇မှာ ပြသဖို့ စီစဉ်ထားခဲ့ ပေမယ့် အရုပ်၊အသံပိုင်းပိုမိုပြည့်စုံစေ ဖို့ နည်းပညာပိုင်းဆိုင်ရာ ထပ်ပိုးမှု တွေ ပြုလုပ်နေရတာကြောင့် နှစ်နှစ် နောက်ကျပြီးမှ ရုံတင်ဖို့ စီစဉ်ခဲ့ရတာ ပါ။

ဒီကာတွန်းဇာတ်ကားက သာမန် ဒိုင်နိုဆောတွေအကြောင်းပဲ ဇာတ် လမ်းဆင်ရိုက်ကူးထားတဲ့ ကာတွန်း ကားမျိုးမဟုတ်ဘဲ ဒိုင်နိုဆောတွေက လယ်သမားတွေလို စိုက်ပျိုးရေးလုပ် ကိုင်ပြီးရှင်သန်နေတာ၊ သူတို့ရည်မှန်း ချက်ကို ဘယ်လိုကြိုးစားအားထုတ်မှု တွေနဲ့ အကောင်အထည်ဖော်တာ၊ လူသားငယ်နဲ့ ဒိုင်နိုဆောပေါက်စ လေးတို့ကြား ရင်းနှီးနွေးထွေးလာတဲ့ သံယောဇဉ်အကြောင်းကို ပုံဖော် ရိုက်ကူးထားတဲ့ မေတ္တာဖွဲ့ဟာသ ရုပ်ရှင် အမျိုးအစားဖြစ်တယ်လို့ ဂျွန်လက်စ်တာက ဆက်လက်ပြော ကြားခဲ့ပါတယ်။

ယခု ရုံတင်မယ့် The Good Dinosaur ကားဟာ Inside Out ကာတွန်းကားပြီးနောက် ဒစ္စနေပစ်ဇာ ရဲ့ ၂၀၁၅အတွင်း ဒုတိယမြောက်တင် ဆက်တဲ့ ဇာတ်ကားဖြစ်ပြီး ဒါရိုက်တာ အဖြစ် ပီတာဆိုးက တာဝန်ယူခြယ် မှုန်းထားပါတယ်။ ဒါ့အပြင် အသံ သရုပ်ဆောင်များအဖြစ် ရေမွန် အိုချာအို၊ ဂျက်ဘရိုက်၊ ဆမ်အီလီ ယက်၊ စတိဗ်ဇမ်နဲ့ ဂျက်ဖရီရိုက်တို့က ပါဝင်သရုပ်ဆောင်ထားကြပါတယ်။

**မေလဲ့သင်း**

■




## ရုပ်မြင်သံကြားအစီအစဉ်များ

၂-၁၁ -၂၀၁၅ (တနင်္လာနေ့)

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

| | |
|---|---|
| ၆း၀၀ | အဖွင့် - ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ် တေးအရသာ ဂီတရိပ်သာ (ကိုစိန်ဝင်း) |
| ၆း၅၀ | တေးဂီတအစီအစဉ် |
| ၇း၁၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "မြစိမ်းရောင်သံစဉ်" (အပိုင်း-၁၄) |
| ၇း၄၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါဝင်ချီ" (အပိုင်း-၂၆) |
| ၉း၁၀ | "ပဥ္စလက်ခြင်းလုံး" |
| ၁၀း၀၀ | ABU Radio Song Festival |
| ၁၀း၂၀ | မြန်မာဗီဒီယိုဇာတ်လမ်း "ဘာမှအလကားမရဘူး" (ခန့်စည်သူ၊သက်မွန်မြင့်) (ဒါရိုက်တာ-ဗန်းကြီး) |

**တစ်နေ့ (၆) နာရီစာ (၄) ကြိမ်ပြသပါမည်။**

### MRTV - 4

| | |
|---|---|
| ၅း၀၀ | ပဌာန်းပါဠိတော်+ရတနသုတ် |
| ၅း၄၀ | "အမြဲတမ်းသာဆင်ခြင်ပါ" တရားတော် [ဓမ္မဒူတဘဒ္ဒန္တပညာဝရ (သိမ်ဇရပ် ဆရာတော်)] |
| ၉း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မျဉ်းပြိုင်ကြားက မေတ္တာများ" (အပိုင်း-၂၂) |
| ၉း၄၀ | အနုပညာမိုးကောင်းကင် |
| ၁၀း၁၀ | ခေတ်သစ်ပျိုမေ |
| ၁၁း၀၅ | သွားမယ် စားမယ် (Life Cafe) |
| ၁၁း၃၀ | Forever Music Tribute Hip Hopshow Time (အပိုင်း-၆) (ပထမပိုင်း) |
| ၁၂း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သွေးနဲ့ရေးတဲ့ သမိုင်းမှတ်တမ်း" (အပိုင်း-၈၄) |
| ၁၂း၃၅ | ပြင်ဦးလွင်မြို့ 4 TV DTH မိတ်ဆက်ပွဲအခမ်းအနား |
| ၁း၀၀ | "အမြဲတမ်းသာဆင်ခြင်ပါ" တရားတော် [ဓမ္မဒူတဘဒ္ဒန္တပညာဝရ (သိမ်ဇရပ် ဆရာတော်)] |
| ၂း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "Flowers & Butterflies) |
| ၃း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်ဒဏ္ဍာရီ" (အပိုင်း-၁၀၁) |
| ၄း၀၅ | Art 15 Art Exhibition အကြိုစကားဝိုင်း |
| ၄း၄၅ | ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာ |
| ၅း၁၀ | ခေတ်သစ်ပျိုမေ |
| ၆း၁၀ | Health Fix |
| ၆း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်ဒဏ္ဍာရီ" (အပိုင်း-၁၀၂) |
| ၈း၂၀ | Drive It |
| ၈း၄၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မျဉ်းပြိုင်ကြားကမေတ္တာများ" (အပိုင်း-၂၃) |
| ၉း၂၅ | MRTV-4ရုပ်သံဇာတ်လမ်းတွဲ "သွေးနဲ့ရေးတဲ့ သမိုင်းမှတ်တမ်း" (အပိုင်း-၈၅) |
| ၁၀း၂၀ | MRTV-4 Stage |
| ၁၀း၅၅ | World of Knowledge |
| ၄း၁၀ | တန်ခိုးကြီးမားဘုရားစေတီပုထိုးများ (ဖူးမြော်ကြည်ညိုဖွယ်ရာမဖြိုမ ဒေသရှိ မြတ်စွာဘုရားရှင်နှင့် တန်ခိုး ကြီးမားဘုရားစေတီပုထိုးများ) |

### မြဝတီ

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၆း၁၆ | မေတ္တာပို့ |
| ၆း၂၀ | ဓမ္မပူဇာတေး |
| ၆း၂၅ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၆း၅၅ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၁၀ | အမျိုးသားရေးတေးကဗျာ |
| ၈း၀၅ | VOA အင်္ဂလိပ်စာသင်ခန်းစာ |
| ၈း၁၅ | ရွှေးဟောင်းသုတ |
| ၈း၂၀ | DVD Hits |
| ၈း၃၅ | ဟန်ချက်ညီညီ နိုင်ငံတော်သစ်ဆီ |
| ၉း၁၀ | သူနှင့်သူ၏သီချင်းများ |
| ၄း၂၀ | စိုက်ပျိုးသုတ |
| ၄း၃၀ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၄း၃၅ | ဇာတ်လမ်းတို |
| ၅း၀၅ | မြန်မာသံစဉ်ချိုနားဝင် |
| ၅း၁၅ | ရင်ခုန်စရာအမှောင်ကမ္ဘာ |
| ၅း၃၅ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဂန္ထဝင်မြောက်အမုန်း (အပိုင်း-၆၈) |
| ၆း၂၀ | သံစဉ်လမ်းကလင်းလက်ကြယ် |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဂျောင်းဒိုဂွန်း (အပိုင်း-၄၄) - ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင် - မေးမြန်းစူးစမ်း - ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - နေတံတိုင်းရဲ့တစ်ဖက်တစ်ချက် (အပိုင်း-၂၇) |

### mitv

07:26 Myanmar Masterclass "Kyaw Phyu San"
07:43 A Myanmar Tapestry
07:53 Kyaikhteeyoe: Bamboo Guns
08:03 News
08:26 To My Dream City (Part- 1)
08:50 My Life & My Art
09:26 Trend Of Kachin Dress
09:52 Myanmar General Election 2015 (Ambassador of Germany)
10:03 News
10:26 Bago: A City Of Famous Historic Pagoda
10:48 A Way of Life: Karate-do
07:03 News
07:26 Food Trip (EP-9) (Part-2)
07:46 Around The Maha Boditahtung
08:03 News
08:26 Taste Of Myanmar (Papaya Salad)
08:45 A Simple And Peaceful Life

**အားကစား**

### နိုဝင်ဘာ ၁ ရက်နေ့ အနိုင်/အရှုံးရလဒ်များ

**ပရီမီယာလိဂ် ပွဲစဉ် (၁၁)**

| | | | | |
|---|---|---|---|---|
| အဲဗာတန် | ၆ | - | ၂ | ဆန်းဒါးလန်း |

**လာလီဂါ ပွဲစဉ် (၁၀)**

| | | | | |
|---|---|---|---|---|
| ဗီလာရီးယဲလ် | ၂ | - | ၁ | ဆီဗီလာ |
| ငွေဆောင် (၂ ည ၃ ရက်) | 27 Nov | 75000/- |

Ph : 01 536975, 01 532238, 09 43089536၊

ဝန်ဆောင်မှုများ
ရေသန့်ဘူး၊ စနိုးတာဝါ၊ VIP Air Con Car၊ ညလယ် စာ၊ မနက်စာ၊ နေ့လယ်စာ။
၈ ဦးလျှင် ၁ ဦးအခမဲ့

**အာရှနဂါး**
**Asia Dragon ကျိုက်ထီးရိုး ချောင်းသာ/ငွေဆောင်**
Ph: 01 707062, 09 799100100
01 703790, 09 797100100

ကားအကြိုအပို့များ ... မိတ်ဆွေတို့နှင့်အတူ
**ရွှေဖီးကွက်** Oct 30/31 Nov 20/24
+ကျိုက်ထီးရိုး(နေ့စဉ်) 8000 စား+တည်း 25000
+ချောင်းသာ(နေ့စဉ်) 12000 စား+တည်း 25000
+တောင်ကြီး(မီးပုံးပျံပွဲ) မွေ့ဒါန (၄)ရက် 50000
+ကျောက်ဆည်မန္တလေးကျောက်စိမ်းဘုရား 35000
+ပုဂံ၊ညောင်ဦး၊ပုပ္ပါး (Guest / Hotel) 65000
09-423722092, 09-43197550 ဗို./ဗိုလ်

**ရွှေအနွယ်ဝေါ** ... 09-43070240, 09-253522622
* မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ၊ ကျောက်စိမ်းဘုရား (၅)ရက် ....... (50000)
* တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကုံလုံ၊ ကလော (၅)ရက် ....... (50000)
* ပုဂံ (စွယ်တော်လေးဆူ)၊ ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ (၅)ရက် ....... (45000)
* ကယားပြည်နယ် လွိုင်ကော်၊ တောင်ကွဲစေတီ၊ ကလော (၃)ရက် ....... (45000)
* ကျိုက်ထီးရိုး(နေ့စဉ်) (8000) * မော်လမြိုင်၊ ကျိုက္ကမီ၊ စက်စဲ(၃)ရက် (25000)
* ဇလွန် (12000) * ပြည်အကောက်တောင် (20000) * ချောင်းသာ (12500)

**သန်းငွေးနှင့်ရောင်းရင်းများ** ၅ ကျိုက်ထီးရိုး/ချောင်းသာ(နေ့စဉ်)
☆တောင်ကြီးမီးပုံးပျံပွဲ၊ အင်းလေး၊ ပင်းတယ (၄)ရက်။ လွိုင်ကော်ပါ(၅)ရက်။ Nov 20,24
☆ပုဂံ၊ ပုပ္ပါး (၄)ရက်။ မန္တလေး၊ ပြင်ဦးလွင်၊ မုံရွာ(၄)ရက်၊ အားလုံးပါ(၇/၁၀)ရက်
☆ထားဝယ်ရှင်ကိုးရှင်၊ မော်မကန်ကမ်းခြေ(၆)ရက်။
☆မော်လမြိုင်၊ ကျိုက္ကမီ၊ စက်စဲ(ကျိုက်ထီးရိုး)၊ နွားလဘို့တောင်(၂/၃)ရက်။
☆ဘားအံဂူ(၅)ဂူ၊ ကျိုက်ထော်ရေတံခွန်၊ ဇွဲကပင်တောင်(၂)ရက်။
☆ဇလွန်/နေပြည်တော်/ပြည်အကောက်တောင်၊ နဂါးရစ်(နေ့ချင်းပြန်)(စနေ/တနင်္ဂနွေ)
Nov 6, 13, 20, 24, 27 Dec 4, 11, 18, 24 (ကြိုတင်လက်မှတ်ရောင်းပြီ)
ပင်ရင်း(၄၂၄)၊ ရွှေဘုံသာလမ်း(အထက်)၊ ပန်းဘဲတန်း Ph: 241863, 380141, 09-43043109, 09-73251422

**မူးယစ်ဆန့်ကျင် အောင်ပွဲဆင်**


## “ငွေရတုမင်္ဂလာဆုတောင်းလွှာ”

(၁-၁၁-၂၀၁၅) ရက်နေ့တွင် ကျရောက်သော ချစ်သူငယ်ချင်း ဦးကျော်လင်း-ဒေါ်နီနီအောင်တို့၏ (၂၅)နှစ်မြောက် ငွေရတုမင်္ဂလာရက်မြတ်မှသည် ချစ်သမီး ဆုမြတ်စန္ဒီသော်၊ ချစ်သား ဟံသာစိုးတို့နှင့်အတူ နှစ်ပေါင်း (၁၂၀)တိုင်အောင် ပျော်ရွှင်ဖွယ်ရာ မိသားစုဘဝကို ပိုင်ဆိုင်နိုင်ပါစေ. . .

ငယ်သူငယ်ချင်းများ
ဒေါက်တာကျော်မင်းလွင် - နှင်းဆီ
လူလူမြတ်ကျော်-စမ်းစမ်းအေး
မျိုးပိုင်ကျော်လွင်-နီနီခင်





**ဦးခင်ဇော်(အငြိမ်းစားဥပဒေအရာရှိအဆင့်-၂)**
**Crime News Journal**
**သတင်းပေးတိုင်ချက် ချက်ချင်းရေးမဖွင့်ပေးတာ ရဲတာဝန်ပျက်ကွက်တာပဲ**

◆ ရွေးကောက်ပွဲအတွက် အောင်နိုင်ရေးမဲဆွယ်တရားဟောနေတဲ့ အမျိုးသမီးအမတ်တစ်ဦး ဓားထိုးခံရ ◆ ငါးလောင်းပြိုင် စိမ်းလဲ့ ကန်သာလူသတ်မှုဖြစ်လို့ အားလုံးစိတ်ဝင်စားခြင်းခံနေရတဲ့အိမ် နောက်ထပ် အုံကြွစရာထပ်ဖြစ်ပြန်ပြီ ◆ အသက်ပဲ အသေခံမယ် လူတော့ အဖမ်းမခံဘူးဆိုတဲ့ ငွေကျပ် သိန်း(၁၁၀၀)ခိုးပြေးသူရဲ့ နောက်ဆုံးအခြေအနေ ◆ အဆိုတော်သားစိုးက သိန်း(၁၀၀၀) မပေးဘဲ ပြေးနေတဲ့လူ ဖမ်းမိအောင် သတင်းပေးရင် ဆုငွေ(၁၀)သိန်းပေးမတဲ့ ◆ ကျဉ်နာမှာစိုးလို့ ကျဉ်စက်နဲ့ဖမ်းတဲ့ရဲကို မကြင်နာဘဲ ဓားနဲ့ပြန်ထိုးတဲ့လင်မယား ◆ အသက်(၁၁)နှစ်အရွယ် ကျောင်းသူလေးကို ခိုးပြေးပြီကြိုးစားတဲ့ဆရာမ၊ ဘဏ်က ငွေထုတ်လာသူတွေကို ဆိုင်ကယ်တစ်စီးနဲ့ နည်းမျိုးစုံလိုက်လုနေတဲ့လင်မယား ဘယ်ကိုမှပြေးသွားမရအောင် ဖမ်းထားပြီနှင့် အခြားစိတ်ဝင်စားစရာ မှုခင်းအသစ်နှင့် ဗဟုသုတမျိုးစုံ အနီရောင်မှုခင်းသတင်းထဲဖတ်လို့ရပြီ
ထွက်ပြီ

**မနောမယ ဂန္ထဝင်ဂျာနယ်**
**ဆရာကြီး မင်းသိခ် ပရှပ်ဆီနှင့်တူသော ဗိန်းမ**

■ **ဆရာဇင်ယော်နီ** ရသေ့ကြီး ဦးခန္တီရဲ့ ငွေလုပ်တဲ့ဂါထာနှင့် မတော်မတရားလုပ်သူတို့ကို နိုင်စေသည့်နည်း
■ မြေလတ်မြတ်သူ ရွှေပေါက္ကုန်းကျောင်းတော်မှာ အတူနေခဲ့သွားတော်မျိုးထက် ကြိုတင်ကိုယ်ခွဲရောက်ကာ ရွှေမိုးငွေမိုးရွာစေခဲ့တဲ့ ဝါးခယ်မမြို့မှ လူထူးကြီး ဦးဂျာအေး ■ **မျိုးတင့်(ညောင်လေးပင်)** **သံမှုရာသီဖြင့် ကုသရှုရသော အံ့ဖွယ်ကုထုံးများ**
■ **ဆရာဝင်း(သာကီနွယ်)** **လူ့ဘဝမှ မဟာစကြာဝဠာစောင့်နတ်မင်းကြီးဖြစ်သွားသူ**
■ **လင်းရောင်တင်** ကင်ဆာသွေးတိုးနဲ့နှလုံးရောဂါများအတွက်ဂမ္ဘီရကုံးနှင့် **မနောမယဂျာနယ်သို့** ပေးပို့လာတဲ့ ကျတ်တစ္ဆေတို့ရဲ့ ရွာသို့ ရောက်သွားသူနှစ်ဦးရဲ့ ကိုယ်တွေ့ ဖြစ်ရပ်ဆန်း
ထွက်ပြီ



# အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ကြည်ကြည်မြင့် (၈၄)နှစ် [မော်လမြိုင်]

ရန်ကုန်တိုင်းဒေသကြီး၊ ခုတင်(၅၀၀) အထူးကုဆေးရုံကြီးမှ ပါမောက္ခ ဒေါက်တာဒေါ်ခင်သီတာသွင် (ဆီးနှင့် ကျောက်ကပ်အထူးကုသမားတော်ကြီး၊ ဆီးနှင့်ကျောက်ကပ်ဌာန)၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်ကြည်ကြည်မြင့်သည် (၃၀-၁၀-၂၀၁၅) နံနက် ၁၁း၃၀ နာရီတွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် ချစ်ညီမလေးမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။ အန်တီကြီး ကောင်းရာသုဂတိဘုံဘဝ ရောက်ရှိနိုင်ပါစေ။

**မိုးသီးဆေးရုံ၊ ဆေးခန်း၊ ဟိုတယ်မိသားစု**

---

**အာရှနဂါး**
**Asia Dragon ကျိုက်ထီးရိုး**
**ချောင်းသာ / ငွေဆောင်**
Ph : 703790, 09-861-9008
707062, 09-861-7770

---

## အမြန်ရောင်းမည်

ရော်ဘာကြိတ်စက် ၁၁" ၊ ၁၂"
ညှိနှိုင်းဈေးဖြင့်ရောင်းမည်။
ပစ္စည်းကြည့်ရန်
စစ်တောင်းလမ်း၊ (၆၄)ရပ်ကွက်၊
စက်မှုဇုန်(၂)တောင်ဒဂုံ
ဖုန်း-၀၁-၅၉၅၄၃၆၊
၀၉-၅၁၁၄၆၅၃

---

## ဦးစိုးညွန့် (ဒေါက်တာထီလာစစ်သူ) Ph.D.,D.Lit

**ကဗျာစာဆိုသရဖူဘွဲ့ရ(ဂျပန်ပြည်)**

One Thousand Great Asians England

**ဒုတိယဝန်ကြီး(ငြိမ်း)၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

၂-၁၀-၂၀၀၉ရက်တွင် ကွယ်လွန်သွားခဲ့သောအလှူဒါယကာကြီး ဦးစိုးညွန့် (ဒေါက်တာထီလာစစ်သူ)အား(၆)နှစ်(၁)လပြည့် ရည်မှန်း၍ ပဲခူးမြို့မ ကျောင်းတိုက်ရှိ သံဃာ(၁၁၈)ပါးကို (၂၈)ကြိမ်မြောက် ကထိန်သင်္ကန်းကပ်လှူခြင်း၊ ပဲခူး၊ ဓမ္မရောင်ခြည်ကျောင်းတိုက်ရှိ သံဃာကုန်ကထိန်သင်္ကန်း ကပ်လှူခြင်း၊ သုံးထပ်ကျောင်းဆောင်အတွက် မန္တလေးမှပင့်ဆောင်လာသော ဓမ္မစကြာဘုရားတစ်ဆူနှင့် ဘုရားခန်းအားလှူဒါန်းခြင်းစသော ကောင်းမှုဒါနအစုစုအား မိသားစုမှပြုလုပ်ပါသည်။ ရောက်ရှိရာဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

အမျှ အမျှ အမျှ

**ချစ်ဇနီး-ဒေါ်လှယဉ်ယဉ်စိုးနှင့်မိသားစု**

---

## ဝန်ထမ်းအမြန်အလိုရှိသည်

Natural Clay Co.,Ltd

Email:humanresource@naturalclaytile.com

**ဖုန်း-၀၁-၆၀၀၁၆၇၊ ၀၉-၇၉၇၈၁၂၃၄၄**

၁။ Natural Clay Co.,Ltd ၏ သဘာဝမြေထည်ပစ္စည်းစက်ရုံ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် လ/ထမန်နေဂျာ (Production)တာဝန်ထမ်းဆောင်ရန် ဂျပန်နိုင်ငံနှင့် မလေးရှားနိုင်ငံရှိ အုတ်ကြွပ်အမိုးစက်ရုံတွင် အလုပ်လုပ်ဖူးသော လုပ်ငန်းအတွေ့အကြုံရှိသူ A.G.T.I/B.Tech/B.E (Mechanical Power) (သို့မဟုတ်) (Electrical Power)ဘွဲ့ရဝန်ထမ်းများနှင့် အခြားကျွမ်းကျင်မှုဆိုင်ရာ ဝန်ထမ်းများအလိုရှိပါသည်။ လုပ်ငန်းကျွမ်းကျင်မှု အရည်အချင်းအလိုက် တာဝန်ယူနိုင်မှုအပေါ်မူတည်၍ လစာညှိနှိုင်းပေးမည်။

၂။ လျှောက်ထားလိုသူများသည် ကိုယ်ရေးအချက်အလက်၊ ပညာအရည်အချင်းအထောက်အထားမိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)မိတ္တူ၊ ရပ်ကွက်/ရဲစခန်းထောက်ခံစာ၊ အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ၊ (၁)လအတွင်းရိုက်ထားသော ရောင်စုံလိုင်စင်ဓာတ်ပုံ(၃)ပုံနှင့်အတူ Diamond Condo G-1&5 ပြည်လမ်း (စိုက်ပျိုးရေးမှတ်တိုင်တွင်ဆင်းရန်)၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးသို့ နိုဝင်ဘာလအတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

---

**" သင့်တော်သောဈေးနှုန်းဖြင့် အမြန်ရောင်းမည် "**

ဗဟန်းမြို့နယ်၊ ရွှေတောင်ကြားလမ်း၊ (38'x60') အကျယ်ရှိ မြေသီးသန့်၊ (မြေပိုင်မြေ) ဈေးနှုန်း - ၄၆၀၀ သိန်း (ညှိနှိုင်း)
✶ ဝယ်/ရောင်း (သို့) မိသားစုနေရန် (သင့်တော်သောနေရာ)
(ပွဲစားမလို) ဆက်သွယ်ရန် - 09 5060940, 09 73500535

---

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ ကာယရပ်ကွက်၊ သော်ကလမ်း၊ (ကာယ-၃) လမ်း၊ မြေကွက်အမှတ် (၁/၈၅) နှင့် (၁/၈၈) ဧရိယာ (၀.၄၂၆) ဧက၊ အလျား (၂၀၀) ပေ ၊ အနံ (၉၃) ပေရှိ အပိုင်ရောင်းချသူ ဒေါ်ကြည်ကြည်စန်းထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် (၂၆-၁၀-၂၀၁၅) ရက်နေ့တွင် စရံငွေတစ်ချို့ပေးအပ်ပြီးဖြစ်ပါသည်။ ယင်းမြေကွက်နှင့်ပတ်သက်၍ကန့်ကွက်လိုပါက ယခုသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း သက်ဆိုင်သည့် စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက်မှု တစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေငြာအပ်ပါသည်။

ညွှန်ကြားချက်အရ -
**ဦးထွန်းသန့်ဇင်အောင်**
LL.B, WIPO, DLP (Switzerland)
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၇၀၉)
အမှတ် (၅၄၂)၊ အခန်းအမှတ် (C-1)၊ May Shopping (အပေါ်ထပ်)၊
ကုန်သည်လမ်းနှင့် ပန်းဆိုးတန်းလမ်းဒေါင့်၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၉ ၅၁၅၀၄၀၃

---

## ရွှေဖြိုးဖြိုးကားအရောင်းစင်တာ

09-425279000 , 01-560313

**ဝန်ထမ်းအလိုရှိသည်။**

၁။ ယာဉ်မောင်း ကျား (၁)ဦး
အသက်(၃၅)နှစ်အထက် ရန်ကုန်မြို့တွင်း ကျွမ်းကျင်စွာ မောင်းနိုင်ရမည်။

၂။ Marketing ကျား/မ (၃)ဦး

---

## ဝန်ထမ်းအမြန်အလိုရှိသည်

(၁)စက်ရုံအုပ်ချုပ်ရေးမှူး ကျား(၁)ဦး
(၂)စက်ရုံဒုတိယအုပ်ချုပ်ရေးမှူး ကျား(၁)ဦး
(၃)**Sale &Marketing(Manager)** ကျား/မ(၁)ဦး
(၄)**Sale &Marketing(Asst;Manager)** ကျား/မ(၁)ဦး

- ဘွဲ့ရ
- အသက်(၃၅)နှစ်မှ (၄၅)နှစ်အတွင်းဖြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံ(၇)နှစ်ရှိရမည်။
- စားသုံးဆီထုတ်လုပ်ဖြန့်ချီရေးလုပ်ငန်း အတွေ့အကြုံရှိရမည်။
- ထုတ်လုပ်မှု၊ ဈေးကွက်ရှာဖွေခြင်း၊ ဖြန့်ချီရောင်းခြင်း **Plan** များကိုရေးဆွဲစီမံ ကွပ်ကဲအုပ်ချုပ်နိုင်ရမည်။
- စီမံအုပ်ချုပ်ခြင်းလုပ်ငန်းများနှင့် ပက်သက်၍သက်ဆိုင်ရာဌာနများကို ကြီးကြပ်ကွပ်ကဲနိုင်ရမည်။ လုပ်ငန်းတစ်ခုလုံးကိုကြီးကြပ်ရမည်။
- လုပ်ငန်းအတွေ့အကြုံပေါ်မူတည်၍ အသက်ကိုလျော့ပေါ့ စဉ်းစားမည်။
- လိှုင်သာယာဇုန်(၄)တွင် တာဝန်ထမ်းဆောင်ရမည်။
- စက်ရုံအုပ်ချုပ်ရေးမှူးနှင့် ဒုတိယအုပ်ချုပ်ရေးမှူး တို့သည်လည်းကောင်း **Sale&Marketing (Mananger)**နှင့် **Sale&Marketing(Asst;Manager)**တို့သည် လုပ်ငန်းတစ်ခုလုံးအတွက် တာဝန်ခံဆောင်ရွက်ရမည်။
- လုပ်ငန်းလိုအပ်ချက်အရ နယ်ခရီးထွက်နိုင်သူဖြစ်ရမည်။
- စားသုံးဆီထုတ်လုပ်ဖြန့်ချီရေးလုပ်ငန်း စတင်ဆောင်ရွက်မည် ဖြစ်ရာထုတ်လုပ်ခြင်း ၊ဈေးကွက်ရှာဖွေခြင်း၊ ရောင်းချခြင်း၊ စီမံကွပ်ကဲဆောင်ရွက်ခြင်း လုပ်ငန်းများကိုအတွေ့အကြုံရှိပြီးသူဖြစ်ရမည်။
- ဆောင်ရွက်လုပ်ကိုင်လိုသည့်လုပ်ငန်းစဉ်များအပေါ်အတွေ့အကြုံအရ အကြံပြုတင်ပြနိုင်သူဖြစ်ရမည်။
- လစာနှင့် ခံစားခွင့်များကောင်းမည်။
- **Facilities** များပေးမည်။
- ယာဉ်မောင်းလိုင်စင်ရှိပြီးရန်ကုန်မြို့တွင်ကျွမ်းကျင်စွာမောင်းနှင် နိုင်ရမည်။

ဆက်သွယ်ရန်- ၀၉-၅၀၉၄၉၅၃

---

## စိန်မန်းမြေ အိမ်၊ ခြံ၊ မြေအကျိုးဆောင်နှင့် ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်

မန္တလေးမြို့တွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများအလိုရှိသည်

1. Accountant မ (၃) ဦး
2. Marketing ကျား/မ(၁၀) ဦး
3. HR Manager ကျား (၁) ဦး

အမှတ်စဉ်(၁) ကွန်ပျူတာကျွမ်းကျင်စွာအသုံးပြုနိုင်ရမည်။ LCCI Level 3 တတ်မြောက်ပြီးသူဖြစ်ရမည်။ လုပ်ငန်းအတွေ့ အကြုံရှိသူဦးစားပေးသည်။
အမှတ်စဉ်(၂) အိမ်၊ ခြံ၊ မြေ စိတ်ဝင်စားသူဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံရှိသူဦးစားပေးမည်။
အမှတ်စဉ်(၃) ဝန်ထမ်းရေးရာကို ကောင်းမွန်စွာစီမံခန့်ခွဲနိုင်ရမည်။ လုပ်ငန်းအတွေ့အကြုံရှိရမည်။ နယ်မှလာသူများ စရိတ်ငြိမ်းစီစဉ်ပေးမည်။ လစာကောင်းပေးမည်။ ကော်မရှင်လည်းခံစားခွင့်ရှိသည်။

စိတ်ဝင်စားသူများ ကိုယ်ရေးရာဇဝင်အပြည့်အစုံ၊ သက်ဆိုင်ရာထောက်ခံချက်များနှင့်အတူ (၇)ရက်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

**စိန်မန်းမြေ အိမ်၊ ခြံ၊ မြေ အကျိုးဆောင်နှင့်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်**
**ပ-၄(၂၃)၊ ၆၂လမ်း၊ ၄၁-၄၂လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း-၀၂-၆၂၆၈၇၊ ၀၉-၇၈၈၈၂၂၂၅၇**

---

## နေပြည်တော်အလှမွေးငါး၊ ခွေး၊ ယုန်နှင့်တိရစ္ဆာန်မျိုးစုံ အလှမွေးငါးကန်၊ လှောင်အိမ်များ၊ ခွေးစာ၊ ကြောင်စာ၊ ငါးစာနှင့်အသုံးအဆောင်မျိုးစုံအရောင်းဆိုင်

၁။**အရောင်းဝန်ထမ်း၊** (အစာနှင့်အသုံးအဆောင်များအရောင်းအပိုင်း)-မ(၁၂)ဦး (လစာကျပ်တစ်သိန်းသုံးသောင်းခွဲနှင့် အရောင်းဘောနပ်များ၊ ဆုများခံစားခွင့်)အနိမ့်ဆုံး(၁၀)တန်းအောင် စာရင်းတာဝန်ခံရသည်။ သတ်မှတ်ရောင်းအားပြည့်မီမှုပေါ်မူတည်ကာဘောနပ်(၅၀၀၀မှ၄၅၀၀၀)(အမျိုးသမီးများနေထိုင်ရေးအတွက် အဆောင်အခမဲ့ပေးမည်။)

၂။**အရောင်းဝန်ထမ်း**(တိရစ္ဆာန်အရောင်းအပိုင်း)ကျား-မ(၈)ဦး(လစာကျပ်တစ်သိန်းသုံးသောင်းခွဲနှင့် အရောင်းဘောနပ်များ၊ ဆုများ၊ ခံစားခွင့်) အနိမ့်ဆုံး(၈)တန်းအောင်၊ စာရင်းတာဝန်ခံရသည်။ ခွေး၊ ကြောင်၊ ငါးရောင်းရမှုအလိုက် ကော်မရှင်ဆုကြေး၊ တိရစ္ဆာန်များထိန်းသိမ်းမှုကောင်းခြင်းအပေါ်ဘောနပ်(၇၀၀၀မှ၅၅၀၀၀ ထိခံစားခွင့်) အမှတ်စဉ်အားလုံးအတွက် အသက်၁၈မှ၂၅အတွင်း လုပ်ငန်းအတွေ့အကြုံမလို၊ အိမ်ထောင်မရှိသူ၊ အဆောင်မှဆိုင်သို့ကားခပေးမည်။ ဆန်ဖိုးပေးမည်။ လေးလခန့်အနည်းဆုံးလုပ်ကိုင်နိုင်သူ၊ ဆိုင်ခွဲများအားလုံးတွင် အလှည့်ကျတာဝန်ထမ်းဆောင်နိုင်သူများဖြစ်ရမည်။ အဆောင်တွင် အဲယားကွန်း၊ အဝတ်လျှော်စက် အခမဲ့ပေးသုံးသည်။ အလုပ်ချိန်-နံနက်၉း၃၀မှ ညနေ၇း၃၀ထိတစ်နှစ်တစ်ကြိမ် လစာတိုးခံစားခွင့် အချိန်ပိုကြေး ခွင့်ရက်ပိုဆင်းကြေး ခံစားခွင့်ရှိသည်။ ကြိုးစားအားထုတ်မှုပေါ်မူတည်၍ ဝန်ထမ်းထူးချွန်ဆု၊ အပန်းဖြေခရီး(ပြည်တွင်း၊ ပြည်ပ) ခံစားခွင့် လျှောက်ထားလိုသူများသည် လိုအပ်သောအထောက်အထားများယူဆောင်ကာ (၂၀-၁၁-၂၀၁၅) နောက်ဆုံးထားလျှောက်ထားကာ လူကိုယ်တိုင်အင်တာဗျူးဖြေဆိုရမည်။ **လျှောက်ထားရန်လိပ်စာ**

ဆိုင်(၁) အလုံဆိုင်ခွဲ-အမှတ်(၂၅၅)၊ အောက်ကြည့်မြင်တိုင်လမ်းမကြီး(ချမာဘီမှတ်တိုင်)အလုံမြို့နယ်၊
ဖုန်း-၀၉-၅၁၈၁၂၈၁
ဆိုင်(၂)ကမာရွတ်ဆိုင်ခွဲ-အမှတ်(၁၇၄)၊ ခိုင်ရွှေဝါလမ်း၊(ဆိုက်ကားဂိတ်မှတ်တိုင်)ကမာရွတ်မြို့နယ်၊
ဖုန်း-၀၉-၇၃၀၄၄၄၅၁
ဆိုင်(၃)တာမွေဆိုင်ခွဲ-အမှတ်(၁၈)သမိန်ဗရမ်းလမ်းမကြီး(တာမွေဗလီအဝိုင်းထိပ်)တာမွေမြို့နယ်၊
ဖုန်း-၀၉-၄၅၀၀၄၂၅၈၄
ဆိုင်(၄)မန္တလေးဆိုင်ခွဲ-၇၆လမ်း၊ ၂၆လမ်းနှင့်၂၇လမ်းကြား၊ (ဆေးရုံကြီးနောက်ကျောခြမ်း)၊ ဖုန်း-၀၉-၉၁၀၂၅၅၇၄

Hot Line No-0930500100

**အထူးကဏ္ဍ**
**အချပ်ပိုလေးမျက်နှာပါရှိ**

ယနေ့ထုတ် ကြေးမုံ သတင်းစာတွင် ဒီမိုကရေစီနိုင်ငံတော်သစ်(၅)နှစ်တာကာလ "ဖွံ့ဖြိုးတိုးတက်မှု ပုံရိပ်များ" အထူးကဏ္ဍ အချပ်ပို လေးမျက်နှာပါရှိပါသည်။

## ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းတို့ကို ရပ်နားထားရမည့် နေ့ရက်နှင့် အချိန်ကို သတ်မှတ်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၆၈ / ၂၀၁၅)**
**၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်**
**(၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်)**
**ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းတို့ကို ရပ်နားထားရမည့် နေ့ရက်နှင့် အချိန်ကို သတ်မှတ်ကြေညာခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအတွက် မဲဆွယ်စည်းရုံးခွင့်ကာလကို ရက်ပေါင်း ၆၀ **(၈-၉-၂၀၁၅ ရက်နေ့ နံနက် ဝ၆း၀၀ နာရီမှ ၆-၁၁-၂၀၁၅ ရက်နေ့ ည ၁၂း၀၀ နာရီအထိ)** ဆောင်ရွက်ကြပါရန် ၃-၉-၂၀၁၅ ရက်စွဲပါ ကြေညာချက်အမှတ် (၅၃ / ၂၀၁၅ )ဖြင့် ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ ရွေးကောက်ပွဲ ငြိမ်းချမ်းစွာအောင်မြင်စေရေးနှင့် မဲဆန္ဒရှင်ပြည်သူလူထုအနေဖြင့် မည်သည့်လွှတ်တော်ကိုယ်စားလှယ်လောင်းအား ဆန္ဒပြုရမည်ကို အေးချမ်းစွာ စဉ်းစားဆုံးဖြတ်နိုင်ရန် အလို့ငှာ **၆-၁၁-၂၀၁၅ ရက်နေ့ ည ၁၂း၀၀ နာရီအချိန် မှ ၈-၁၁-၂၀၁၅ ရက်နေ့ ရွေးကောက်ပွဲကျင်းပပြီးသည်အထိ** ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းတို့ကို ရပ်နားရမည် ဖြစ်ပါသည်။

၃။ မဲဆွယ်စည်းရုံးသည့် ကြော်ငြာ/ ပိုစတာများကို မဲဆွယ်စည်းရုံးခွင့်ပြုထားသည့် နောက်ဆုံးရက် ၆-၁၁-၂၀၁၅ ရက်နေ့ ည ၁၂း၀၀ နာရီအချိန်နောက်ဆုံးထား၍ ဖြုတ်သိမ်းပေးရမည် ဖြစ်ပါသည်။ သတ်မှတ်အချိန်ထိ မဲဆွယ်စည်းရုံးသည့် ကြော်ငြာ/ပိုစတာများ ဖြုတ်သိမ်းထားခြင်းမရှိပါက မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် သက်ဆိုင်ရာ မြို့တော်စည်ပင်သာယာရေးကော်မတီ သို့မဟုတ် မြို့နယ်စည်ပင်သာယာရေးကော်မတီများနှင့် ညှိနှိုင်း၍ ကြော်ငြာ/ ပိုစတာများအား ဖြုတ်သိမ်းသွားစေမည်ဖြစ်သည်။ ယင်းသို့ ကြော်ငြာ/ပိုစတာ ဖြုတ်သိမ်းခြင်းလုပ်ငန်း ဆောင်ရွက်ရသည့် ကုန်ကျစရိတ်ကျသင့်ငွေအား သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းမှ ပြန်လည်ပေးချေရန် တာဝန်ရှိမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# သန့်ရှင်းသာယာလှပမှုတို့ဖြင့် သဘာဝအလှကို ပုံဖော်ထားသည့် ကမ်းခြေငွေဆောင်

အမှိုက်သရိုက် အညစ်အကြေးကင်းစင်ပြီး လေးကိုင်းသဖွယ်ကွေးညွတ်နေသည့် ကမ်းခြေတစ်လျှောက်ရှိ သန့်ရှင်းသည့် သဲသောင်ပြင်ပေါ်တွင်ထိုင်ရင်း ကမ်းခြေဘက်သို့ တလိမ့်လိမ့်တက်လာနေသည့် ငွေလှိုင်းဖြူ လှိုင်းလုံးများနှင့် ပြာလဲ့လဲ့ ပင်လယ်ရေပြင်ကို ငေးမောကြည့်ရှုရင်း "ကျွန်တော်ငွေဆောင်ကမ်းခြေကိုရောက်တော့ လွန်ခဲ့တဲ့ ၁၅ နှစ်က ထိုင်းနိုင်ငံ ဖူးခက်ကမ်းခြေကို ပြန်သတိရတယ်။ သဘာဝအလှတွေကိုမြင်တွေ့ခွင့်ရတဲ့အတွက် အလွန်သဘောကျတယ်"ဟု ငွေဆောင်ကမ်းခြေသို့ အလည်အပတ်ရောက်ရှိနေသည့် အင်္ဂလန်နိုင်ငံသား Dave Barnes က ပြောသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့

သတင်းဆောင်းပါး ›› သီသီမင်း
ဓာတ်ပုံ ›› မင်းသစ်



ငွေဆောင်ကမ်းခြေအနီး ရွက်လှေစီးနေကြသည့် နိုင်ငံခြားသားများအားတွေ့ရစဉ်။

**မာတိကာ**


ချင်းတွင်းမြစ်အတွင်း အမြန်ရေယာဉ်တစ်စင်း တိမ်းမှောက်
စာမျက်နှာ - ၈

လှိုင်လင်ခရိုင် ကျေးသီးမြို့နယ် မိုင်းနောင်မြို့အနီး ဝိန်းကောင်ကျေးရွာရှိ တပ်မတော်တပ်ရင်း ဌာနချုပ်သို့ အက်စ်အက်စ်အေ (ဝမ်ဟိုင်း) အဖွဲ့က ထပ်မံလာရောက်တိုက်ခိုက်
စာမျက်နှာ - ၉







themirror.npt@gmail.com
www.facebook.com/themirrordaily

ကြေးမုံ The Mirror

ဒီမိုကရေစီနိုင်ငံတော်သစ် (၅) နှစ်တာကာလ

# ဖွံ့ဖြိုးတိုးတက်မှုပုံရိပ်များ

အထူးကဏ္ဍအချပ်ပို

နိုဝင်ဘာ ၂ ရက်၊ ၂၀၁၅ ခုနှစ် (တနင်္လာနေ့)

ယဉ်ကျေးမှုဝန်ကြီးဌာန

## ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာတို့ကို ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် သတ်မှတ်နိုင်ခဲ့



**မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲ**

မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ၁၉၉၃ ခုနှစ်မှ ပထမအကြိမ်အဖြစ် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက်မှစ၍ မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအဖြစ် အမည်ပြောင်းလဲ၍ တိုင်းရင်းသားရိုးရာအကများကိုပါ ပြိုင်ပွဲတွင် ထည့်သွင်းကျင်းပခဲ့သည်။

(၂၁) ကြိမ်မြောက် ပြိုင်ပွဲကို ၂၀၁၅ ခုနှစ် မေလတွင် ကျင်းပခဲ့ပြီး (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအတွင်း ကျင်းပသွားမည်ဖြစ်သည်။

စာမျက်နှာ ၂ သို့ »»

### ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်ဖို့

ကျွန်တော်တို့ တိုင်းပြည်ကို ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုအဖြစ် ပြောင်းလဲတည်ဆောက်ရာမှာ အခြေခံကောင်းတွေ ရှိနေဖို့ လိုအပ်ပါတယ်။ ဒါကြောင့် တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက ဒေသခံတိုင်းရင်းသားပြည်သူများရဲ့ အကျိုးစီးပွားကို ဦးတည်တဲ့၊ မျှတမှုလည်းရှိတဲ့ ဘဏ္ဍာငွေ အခွန်အကောက်ခွဲဝေမှု၊ လုပ်ပိုင်ခွင့် အာဏာခွဲဝေမှုတွေကို ဇယား(၁)နဲ့ ဇယား(၂)တို့မှာ ပြင်ဆင်နိုင်ဖို့ ဦးစားပေးညှိနှိုင်းလုပ်ဆောင်နေပါတယ်။

**(နိုင်ငံတော်သမ္မတ၏ ၂၀၁၅ ခုနှစ် ဇွန်လ ၂ ရက်နေ့တွင် ပြောကြားသည့် ရေဒီယိုမိန့်ခွန်းမှ ကောက်နုတ်ချက်)**

လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်

**လူမှုဝန်ထမ်းဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ**

(၁) ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း
(၂) ကလေးနှင့်လူငယ်စောင့်ရှောက်ရေးလုပ်ငန်း
(၃) အမျိုးသမီးစောင့်ရှောက်ရေးလုပ်ငန်း
(၄) သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်း
(၅) မသန်စွမ်းသူများပြန်လည်ထူထောင်ရေးလုပ်ငန်း
(၆) မူးယစ်ဆေးဖြတ်ပြီးသူများပြန်လည်ထူထောင်ရေးလုပ်ငန်း
(၇) စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအား ထောက်ပံ့ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်း
(၈) လူမှုကရုဏာစောင့်ရှောက်ရေးလုပ်ငန်း
(၉) လူကုန်ကူးခံရသူများ ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း

စာမျက်နှာ ၃ သို့ »»



၂၀၁၅ ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လအတွင်းက ဖြစ်ပွားခဲ့သော ရေကြီးနစ်မြုပ်မှုများအတွက် ကယ်ဆယ်၊ ထောက်ပံ့ရေးပစ္စည်းများ သယ်ဆောင်နေမှုကို တွေ့ရစဉ်။

›››› အထူးကဏ္ဍ အချပ်ပို စာမျက်နှာ ၁ မှ

**ဗုဒ္ဓဝင်ဇာတ်တော်ကြီးများ**

မြန်မာတိုင်းရင်းသားတို့၏ အနုသုခုမ ပညာရပ်များ မပျောက်ပျက်ရလေအောင် ဗုဒ္ဓဝင်ဇာတ်တော်ကြီးများကို ပြန်လည်ဖော်ထုတ်၍ တင်ဆက်ကပြမှုများကို ဆောင်ရွက်ခဲ့ရာ ၂၀၁၁ ခုနှစ်တွင် အလင်္ကာကျော်စွာ ရွှေမန်းဦးတင်မောင်၏ မဟာဗုဒ္ဓဝင်ဖွားတော်မူခန်း၊ ရွှေကျီးညို၊ ပဲခူးမြတို့၏သဒ္ဓါသုမနဇာတ်၊ ၂၀၁၂ ခုနှစ်တွင် အလင်္ကာကျော်စွာ ရွှေမန်းဦးတင်မောင်၏ မဟာဗုဒ္ဓဝင်လေးတော်တင်ခန်းနှင့် ၂၀၁၄ ခုနှစ်တွင် အလင်္ကာ ကျော်စွာ ရွှေမန်းဦးတင်မောင်၏ မဟာဗုဒ္ဓဝင်တောထွက်ခန်းတို့ကို အမျိုးသားဇာတ်ရုံ(ရန်ကုန်နှင့် မန္တလေး)တို့၌ ဖျော်ဖြေတင်ဆက်ခဲ့သည်။

မြန်မာ့ယဉ်ကျေးမှုအနုပညာများကို မြန်မာနိုင်ငံတွင်သာမက နိုင်ငံတကာက သိရှိလက်ခံနိုင်စေရန် မြှင့်တင်ဆောင်ရွက်မှုအဖြစ် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားဖျော်ဖြေမှုအစီအစဉ်များတွင် မြန်မာ့ရိုးရာအကများအဖြစ် စောင်းတော်သိင်္ဂီဆိုင်းမင်္ဂလာ၊ အမျိုးသားအမွေအနှစ်မဟာပုဂံ၊ ပွဲဦးအလင်္ကာ၊ ရွှေနိုင်ငံက ကြိုနေမယ်၊ အနာဂတ်ကမ္ဘာမြေ၊ မျိုးဆက်သစ်တို့ အားမာန်၊ သွေးချင်းတို့ဌာနေ မြန်မာပြည်၊ အားမာန်ဝင့်ချီရှေ့သို့ဆီ၊ တို့မြန်မာ့ခြင်းလုံး၊ ဆင်ရတနာ၊ ရောင်စုံပန်းများ၏ မြစ်ကြေးမုံ၊ ထာဝရမြန်မာ၊ ပြန်ဆုံမယ် စသည်တို့ကို တင်ဆက်ခဲ့ရာ နိုင်ငံတကာက အံ့သြချီးကျူးလက်ခံမှု ပြုခဲ့ကြသည်။

(၇)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားများတွင်လည်း ဖျော်ဖြေတင်ဆက်မှုများကိုလည်းကောင်း၊ ၂၀၁၄ ခုနှစ်တွင် (၂၄)ကြိမ်နှင့် (၂၅) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးဖွင့်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားများတွင်လည်းကောင်း၊ နိုင်ငံတော်အဆင့် ပြည်ပဧည့်သည်တော်များအား ဂုဏ်ပြုသည့် အခမ်းအနားများတွင် လည်းကောင်း မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အကများကို ဖျော်ဖြေကပြတင်ဆက်ခဲ့သည်။

**အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်**

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များကို ရန်ကုန်နှင့် မန္တလေးတို့တွင် တည်ထောင်ဖွင့်လှစ်လျက်ရှိရာ အနုပညာဘာသာရပ်များဖြစ်သော ပန်းချီ၊ ပန်းပု၊ သဘင်၊ ဂီတ၊ ရုပ်ရှင်နှင့် ပြဇာတ်ဘာသာရပ်ဆိုင်ရာ ဝိဇ္ဇာဘွဲ့၊ ဝိဇ္ဇာဘွဲ့ဂုဏ်ထူး၊ ဘွဲ့လွန်ဒီပလိုမာဘွဲ့၊ ဂုဏ်ထူးဆောင်ဝိဇ္ဇာဘွဲ့၊ ဂုဏ်ထူးဆောင် မဟာဝိဇ္ဇာဘွဲ့၊ ဂုဏ်ထူးဆောင် ပါရဂူဘွဲ့များအပြင် ဘွဲ့လွန်အသုံးချရှေးဟောင်းသုတေသနပညာဒီပလိုမာနှင့် ဘွဲ့လွန်စာကြည့်တိုက် စီမံခန့်ခွဲမှုပညာဒီပလိုမာများကို ချီးမြှင့်ပေးအပ်နိုင်ခဲ့သည်။

**ပျူမြို့ဟောင်း သုံးမြို့**

မြန်မာနိုင်ငံရှိ ရှေးမြို့ဟောင်းအနက် ပျူမြို့ဟောင်း သုံးမြို့ဖြစ်သည့် ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာတို့ကို ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းတင်သွင်းနိုင်ရေးအတွက် သတ်မှတ်ပုံစံများနှင့်အညီ UNESCO သို့ အဆိုပြုတင်ပြခဲ့ရာ ကာတာနိုင်ငံ ဒိုဟာမြို့၌ ၂၀၁၄ ခုနှစ် ဇွန် ၁၅ ရက်မှ ၂၅ ရက်အထိ ကျင်းပသည့် 38th Session of the World Heritage Committee (Doha 2014) အစည်းအဝေးတွင် ကမ္ဘာ့အမွေအနှစ်အဖြစ် အတည်ပြုသတ်မှတ်ခဲ့သည်။

ပုဂံဒေသကို ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင်အဖြစ် ဆက်လက်တင်သွင်းနိုင်ရေးအတွက် ဘက်စုံလွှမ်းခြုံသော မဟာဗျူဟာစီမံချက်ရေးဆွဲရေးဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။


ကျောက်စာ၊ လက်ရေးစာများ၊ တန်ဖိုးမဖြတ်နိုင်သော စာအုပ်များ၊ သတင်းစာများ၊ ဓာတ်ပုံနှင့် ပန်းချီကားများ၊ ဖလင်များ၊ အသံနှင့် ဗီဒီယိုအခွေများ၊ စီဒီ၊ အသံမှတ်တမ်းများ၊ စာရွက်စာတမ်း အထောက်အထားကို မှတ်တမ်းများ အမွေအနှစ်အဖြစ်သတ်မှတ်ပြီး ယူနက်စကိုအဖွဲ့သို့ အဆိုပြုတင်ပြ၍ ကမ္ဘာ့မှတ်တမ်းများ အမွေအနှစ်စာရင်း (MOW) အဖြစ် သတ်မှတ်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။



အမျိုးသားပြတိုက်(နေပြည်တော်)တွင် ခင်းကျင်းပြသထားသော မြန်မာ့အနုပညာလက်ရာပစ္စည်းများကို တွေ့ရစဉ်။

ကမ္ဘာ့အကြီးဆုံးစာအုပ်အဖြစ် သတ်မှတ်ထားသော မန္တလေးမြို့ရှိ မင်းတုန်းမင်းတရားကြီး၏ မဟာလောကမာရဇိန်(ကုသိုလ်တော်)ဘုရားကျောက်စာကို ၂၀၁၃ ခုနှစ်တွင် လည်းကောင်း၊ ပုဂံမြို့ရှိ မြစေတီကျောက်စာကို ၂၀၁၅ ခုနှစ်တွင်လည်းကောင်း ကမ္ဘာ့မှတ်တမ်းများအမွေအနှစ် (MOW) အဖြစ် သတ်မှတ်ဆောင်ရွက်နိုင်ခဲ့သည်။

၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဗြိတိန်နိုင်ငံ ဗြိတိန်စာကြည့်တိုက်နှင့် ဂျာမနီနိုင်ငံ ဟန်နိုဗာမြို့ Gottfried Wihelm Leibniz စာကြည့်တိုက်တို့ ပူးပေါင်းတင်သွင်းသော ဂျာမနီနိုင်ငံ ဟန်နိုဗာမြို့ Gottfried Wihelm Leibniz ရှိ အလောင်းမင်းတရားကြီး၏ ရွှေပေလွှာကိုလည်း ကမ္ဘာ့မှတ်တမ်းများအမွေအနှစ်စာရင်းဝင်အဖြစ် ဆောင်ရွက်နိုင်ခဲ့သည်။




ရှမ်းပြည်နယ်တောင်ပိုင်း ရွာငံမြို့နယ်နှင့် ဝမ်းတွင်းမြို့နယ်အစပ် ကမ်းပါးနီကျေးရွာအနီးရှိ အမြင့် ၂၂ ပေရှိသည့် ကျောက်တုံးသုံးတုံး၏ ကျောက်နံရံများတွင် ဆင်ရုပ်ပုံ၊ လက်ဝါးပုံ၊ တိရစ္ဆာန်ရုပ်များအပါအဝင် အခြားရုပ်ပုံများစုစုပေါင်း ခြောက်ရုပ်ခန့် ပါဝင်သည့် ကျောက်ခေတ်နံရံ ပန်းချီပုံများတွေ့ရှိသဖြင့် သွားရောက်လေ့လာသုတေသနပြုခဲ့သည်။

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် အုတ်တွင်းကျေးရွာအုပ်စု၊ အရှေ့ဘက် ၁၄ မိုင်အကွာ ဆင်ရွာကျေးရွာတွင် အလျားနှစ်ပေ ကိုးလက်မ၊ အနံ လေးပေ ခုနစ်လက်မ၊ ဒု ရှစ်လက်မခန့်ရှိပြီး စာကြောင်းရေ ရှစ်ကြောင်းပါရှိသော ပျူစာပါကျောက်ချပ်တစ်ခုတွေ့ရှိသဖြင့် သွားရောက်ကွင်းဆင်းလေ့လာခဲ့ပြီး မန္တလေးမြို့ နန်းတွင်းကျောက်စာရုံ (၁)သို့ ပြောင်းရွှေ့သယ်ယူ စိုက်ထူထိန်းသိမ်းထားရှိသည်။



အမျိုးသားစာကြည့်တိုက်(နေပြည်တော်)တွင် စာအုပ်များခင်းကျင်းထားမှုကို တွေ့ရစဉ်။

အမျိုးသားပြတိုက် (နေပြည်တော်) ပထမအဆင့် ဖွင့်ပွဲအခမ်းအနားကို ၁၅. ၇. ၂၀၁၅ ရက်တွင် ကျင်းပခဲ့ပြီးဖြစ်သည်။

အမျိုးသားပြတိုက်(နေပြည်တော်)တွင် နိုင်ငံတော်သမ္မတ၏ လက်ဆောင်ပစ္စည်းများပြခန်း၊ ပရိုင်းမိတ်နှင့် ကျောက်ဖြစ်ရုပ်ကြွင်းပြခန်း၊ သမိုင်းမတင်မီခေတ်ပြခန်း၊ သမိုင်းတင်ခေတ်ဦးပြခန်း၊ သမိုင်းတင်ခေတ်ပြခန်း၊ မြန်မာ့ပန်းချီပြခန်း၊ မြန်မာ့အနုသုခုမ ပြခန်းစသည့် ပြခန်း ခုနစ်ခန်းကို ခင်းကျင်းပြသလျက်ရှိသည်။

အမျိုးသားစာကြည့်တိုက် (နေပြည်တော်) အဆောင်(A)ကို ၃. ၅. ၂၀၁၃ ရက်တွင် လည်းကောင်း၊ အဆောင်(B)ကို ၂၂. ၉. ၂၀၁၄ ရက်တွင် လည်းကောင်း ဖွင့်လှစ်ပေးခဲ့ပြီး စာပေဆိုင်ရာဝန်ဆောင်မှုများကို ဆောင်ရွက်ပေးလျက်ရှိသည်။

အမျိုးသားစာကြည့်တိုက်ခွဲ(ရန်ကုန်)ကို အမျိုးသားပြတိုက်(ရန်ကုန်)၊ ပထမထပ်နှင့် ဒုတိယထပ်တို့၌ ၂၀. ၁. ၂၀၁၅ ရက်တွင် ဖွင့်လှစ်ပေးခဲ့ပြီး စာပေဆိုင်ရာဝန်ဆောင်မှုများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ကုလသမဂ္ဂသိပ္ပံ၊ ပညာရေးနှင့်ယဉ်ကျေးမှုဆိုင်ရာအဖွဲ့(UNSECO)၏ ကွန်ဗင်းရှင်းများအနက် မူလပိုင်ရှင်ရှိသော ယဉ်ကျေးမှုဝတ္ထုပစ္စည်းများအား တရားမဝင် တင်သွင်း၊ တင်ပို့ခြင်းနှင့်လွှဲပြောင်းသယ်ဆောင်ခြင်းကို တားမြစ်မှုဆိုင်ရာကွန်ဗင်းရှင်း (၁၉၇၀) ကို ၂၀၁၃ ခုနှစ်တွင်လည်းကောင်း၊ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာကွန်ဗင်းရှင်း(၂၀၀၃)ကို ၂၀၁၄ ခုနှစ်တွင် လည်းကောင်း ပါဝင်လက်မှတ်ရေးထိုးပြီး ကွန်ဗင်းရှင်းဝင်နိုင်ငံအဖြစ် ပါဝင်နိုင်ခဲ့သည်။

ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဖလှယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဆားဘီးယားသမ္မတနိုင်ငံ၊ ပြင်သစ်သမ္မတနိုင်ငံ၊ အစ္စရေးနိုင်ငံ၊ ဂျာမနီနိုင်ငံ၊ အီတလီနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့မှ ယဉ်ကျေးမှုဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်း၊ တက္ကသိုလ်တို့နှင့် သဘောတူစာချုပ်၊ နားလည်မှုစာချွန်လွှာ ၁၂ စောင်ကို လက်မှတ်ရေးထိုးခဲ့သည်။

ယဉ်ကျေးမှုဝန်ကြီးဌာနသည် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ရှာဖွေ၊ ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်၊ တိုးတက်ပြန့်ပွားအောင် ဆောင်ရွက်၍ မိမိနိုင်ငံနှင့် ယဉ်ကျေးမှုများကို မြတ်နိုးတန်ဖိုးထားနိုင်လာစေရန်အတွက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

»»» အထူးကဏ္ဍ အချပ်ပို စာမျက်နှာ ၁ မှ

(၁၀) လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် ညှိနှိုင်းအကောင်အထည်ဖော် ဆောင်ရွက်ခြင်းလုပ်ငန်း

**မသန်စွမ်းသူအခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း**

မသန်စွမ်းသူအခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းကို ၇ . ၁၂. ၂၀၁၁ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့သည်။

ကလေးသူငယ်များအား ရောင်းချခြင်း၊ ပြည့်တန်ဆာပြုလုပ်ခြင်းနှင့် ညစ်ညမ်းဓာတ်ပုံများဆိုင်ရာ CRC နောက်ဆက်တွဲစာချုပ်ကို ၁၇ . ၁ . ၂၀၁၂ ရက်နေ့တွင် လည်းကောင်း လက်မှတ်ရေးထိုးခဲ့သည်။

မြန်မာ့ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကို ၆ . ၂ . ၂၀၁၄ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည်။

မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေကို ၅ . ၆ . ၂၀၁၅ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည်။

အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေးဥပဒေ(မူကြမ်း)ကို ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ တင်ပြထားပြီး ကလေးသူငယ်ဥပဒေ(၁၉၉၃)အား ပြင်ဆင်နိုင်ရေးအတွက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေအသစ်(မူကြမ်း)ကို ရေးဆွဲဆောင်ရွက်လျက်ရှိသည်။

မြန်မာ့ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒ (၂၀၁၄)၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်း(၂၀၁၃-၂၀၂၂)၊ မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်နှင့် သက်ကြီးရွယ်အိုဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံကိန်းကို ရေးဆွဲဆောင်ရွက်လျက်ရှိသည်။

**ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၏ ဆောင်ရွက်မှုများ ခေတ်ကာလနှင့်လျော်ညီသော ထောက်ပံ့မှု**

သဘာဝဘေးအန္တရာယ်များကြောင့် အတိဒုက္ခရောက်ကြရသည့် ဘေးသင့်ပြည်သူများ လတ်တလောစားဝတ်နေရေးသက်သာချောင်ချိရေးအတွက် ကယ်ဆယ်ရေးစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ထောက်ပံ့ပေးလျက်ရှိရာတွင် ခေတ်ကာလနှင့် လျော်ညီမှုရှိသော ထောက်ပံ့မှုများဖြစ်စေရန်အတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှစ၍ ဆန်(၁)ပြည်လျှင် ငွေ ၅၄ ကျပ် ၇၉ ပြားမှ ကျပ် ၈၀၀ နှုန်း၊ လုံးဝပျက်စီးအိမ် တစ်အိမ်လျှင် အိမ်ဆောက်ပစ္စည်းဖိုးငွေကျပ် ၂၅၀ မှ ကျပ် ၅၀၀၀၀ နှုန်း၊ လုံးဝပျက်စီးသည့် ဘာသာရေးကျောင်းတစ်ကျောင်းလျှင် ငွေကျပ် ၅၀၀ မှ ကျပ် ၆၀၀၀ နှုန်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် မီးဘေးသင့်အိမ် တစ်လုံးလျှင် (တိုက်အိမ်) ငွေကျပ် ၂၀၀၀၀၀၊ (သွပ်မိုး/ပျဉ်ကာ) ငွေကျပ် ၁၀၀၀၀၀၊ (ဓနိမိုး/ထရံကာ) ငွေကျပ် ၅၀၀၀၀၊ ဘာသာရေးကျောင်း(၁)ကျောင်းလျှင် ငွေကျပ် ၂၀၀၀၀၀၊ အခြားဘေးသင့်အိမ်(၁)လုံး ငွေကျပ် ၅၀၀၀၀၊ ဘာသာရေးကျောင်း(၁)ကျောင်း ငွေကျပ် ၆၀၀၀၀ နှင့် ကယ်ဆယ်ရေးပစ္စည်းကို ခြောက်မျိုးမှ ကိုးမျိုးသို့ တိုးမြှင့်ထောက်ပံ့ပေးနိုင်ခဲ့သည်။

သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေကို ၂၀၁၃ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ယင်းဥပဒေနှင့်စပ်ဆိုင်သည့် နည်းဥပဒေများအား ၂၀၁၅ ခုနှစ် ဧပြီ ၇ ရက်တွင် ထုတ်ပြန်နိုင်ခဲ့သည်။

**ဇာတ်တိုက်လေ့ကျင့်**

သဘာဝဘေး အသိပညာပေးလုပ်ငန်းများနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအနေဖြင့် ဇာတ်တိုက်လေ့ကျင့်ခန်းဆောင်ရွက်ခြင်း၊ သဘာဝဘေး စီမံခန့်ခွဲမှုသင်တန်းများ၊ သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်နည်းပြသင်တန်းများ၊ မွမ်းမံသင်တန်း၊ ဆင့်ပွားသင်တန်းများဖွင့်လှစ်ခြင်းနှင့် ဆွေးနွေးဟောပြောပွဲများပြုလုပ်ခြင်း၊ အသိပညာပေးသည့် စာစောင်များနှင့် ကျောင်းသုံးဗလာစာအုပ်များ ထုတ်ဝေခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်(နည်းပြ) သင်တန်းသို့ တက်ရောက်ပြီးသူများအား နိုင်ငံတကာ အတွေ့အကြုံရရှိနိုင်စေရန်နှင့် သဘာဝဘေးဆိုင်ရာ အသိပညာ၊ နည်းပညာများ တိုးတက်ရရှိစေရန်အတွက် ပြည်ပနိုင်ငံသို့ စေလွှတ်ပေးလျက်ရှိသည်။

ဘေးသင့်ပြည်သူများအတွက် ပုံမှန်ထောက်ပံ့မှုများ ဆောင်ရွက်နေသည့်အပြင် ပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို တိုက်ရိုက်အကျိုးပြုနိုင်သော ကျေးလက်မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

ဘေးဖြစ်ပွားချိန်တွင် ယာယီခိုလှုံရန်နှင့် သာမန်အချိန်တွင် လူမှုအကျိုးပြုလုပ်ငန်းများ အသုံးပြုဆောင်ရွက်နိုင်မည့် ဘက်စုံသုံးအဆောက်အအုံများဖြစ်သော Multipurpose Shelter များ၊ ဓမ္မာရုံ၊ ဘိုးဘွားရိပ်သာ၊ အိမ်တွင်းမှုသက်မွေး သင်တန်းကျောင်းများနှင့် မူကြိုကျောင်းများ ဆောက်လုပ်နိုင်ရန်အတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။ သဘာဝဘေးဖြစ်ပွားပါက ယာယီခိုလှုံရာဒေသများသို့ အလွယ်တကူ သွားရောက်နိုင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် ကျေးရွာချင်းဆက်ကွန်ကရစ်လမ်း ခင်းပေးသည်။

လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး ဝေးလံခေါင်ပါးသည့် ဒေသများရှိ တိုင်းရင်းသားပြည်သူများအတွက် စားနပ်ရိက္ခာဝယ်ယူနိုင်ရန် ငွေကြေးထောက်ပံ့ခဲ့သည်။

မုန်တိုင်းဒဏ်ခံ အဆောက်အအုံများတွင် အရေးပေါ်အခြေအနေ၌ အသုံးပြုနိုင်ရန်အတွက် ဖိုက်ဘာလှေများ၊ မီးစက်များထားရှိနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသည် ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း၊ ကလေးနှင့် လူငယ်စောင့်ရှောက်ရေးလုပ်ငန်း၊ အမျိုးသမီးစောင့်ရှောက်ရေးလုပ်ငန်း၊ လူမှုကရုဏာစောင့်ရှောက်ရေးလုပ်ငန်း၊ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်း၊ မသန်စွမ်းသူများ ပြန်လည်ထူထောင်ရေးလုပ်ငန်း၊ မူးယစ်ဆေးဖြတ်ပြီးသူများပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ လူကုန်ကူးသူများ ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း စသည့်လုပ်ငန်းများအပါအဝင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများစွာကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖြစ် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အတတ်ပညာများကို သင်ကြားပေးနေစဉ်။**

**လူမှုဝန်ထမ်းဦးစီးဌာန၏ (၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အထိ)ကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်မှုများ**

| စဉ် | အကြောင်းအရာ | ကျောင်းအရေအတွက် | | လက်ခံစောင့်ရှောက်သည့် ဦးရေပေါင်း | ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ထောက်ပံ့မှု | မှတ်ချက် |
|---|---|---|---|---|---|---|
| | | ၂၀၁၀-၂၀၁၁ | ၂၀၁၁-၂၀၁၂ | | | |
| ၁။ | **ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း** | | | | | |
| | -ကလေးပြုစုရေးဌာန | ၅ | ၇ | ၁၉၇ | | |
| | -မူလတန်းကြိုကျောင်း | ၆၈ | ၈၀ | ၁၂၅၃၉ | | |
| ၂။ | **ကလေးနှင့်လူငယ် စောင့်ရှောက်ရေးလုပ်ငန်း** | | | | | |
| | -လူငယ်သင်တန်းကျောင်း | ၇ | ၇ | ၁၀၅၈ | | |
| | -အမျိုးသမီးကလေးများ သင်တန်းကျောင်း | ၂ | ၃ | ၂၆၆ | | |
| ၃။ | **လူမှုကရုဏာစောင့်ရှောက်ရေးလုပ်ငန်း** | | | | | |
| | -လူမှုရေးစောင့်ရှောက်မှုဌာန | ၁ | ၁ | ၆၅ | | |
| | -မရမ်းချောင်ပရဟိတဂေဟာ | ၁ | ၁ | ၆၈ | | |
| | -ယာယီလက်ခံစောင့်ရှောက်ရေးဂေဟာ | ၁ | ၄ | ၁၂ | | |
| | -အမျိုးသမီးများပြုစုစောင့်ရှောက်ရေးဌာန | ၂ | ၂ | ၁၄ | | |
| ၄။ | **အမျိုးသမီးစောင့်ရှောက်ရေးလုပ်ငန်း** | | | | | |
| | -အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဌာန | ၂ | ၂ | ၁၄၂ | | |
| | -အမျိုးသမီးသက်မွေးအတတ်ပညာ သင်တန်းကျောင်း | ၄ | ၄ | ၁၉၀ | | |
| | -အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း | ၆ | ၉ | ၁၅၀၀ | | နှစ်စဉ် သင်တန်းဖွင့်ပါသည်။ |
| ၅။ | **သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်း** - Day Care Center | - | ၁ | ၇၀ | | |
| ၆။ | **မသန်စွမ်းသူများ ပြန်လည်ထူထောင်ရေးလုပ်ငန်း** | | | | | |
| | -မျက်မမြင်ကျောင်း | ၂ | ၂ | ၂၂၅ | | ပညာရေးနှင့်အသက်မွေးဝမ်းကျောင်းသင်ပေးပါသည်။ သင်တန်း(၆)မျိုး နှစ်စဉ်ဖွင့်ပါသည်။ Life Skill နှင့် ဖွံ့ဖြိုးရေး ဆောင်ရွက်ပါသည်။ |
| | -မသန်စွမ်းသက်ကြီးသင်တန်းကျောင်း | ၁ | ၁ | ၁၃ | | |
| | -မသန်စွမ်းသက်ငယ်သင်တန်းကျောင်း | ၁ | ၂ | ၂၉၅ | | |
| | -နားမကြားသောကလေးများကျောင်း | ၁ | ၂ | ၂၈၁ | | |
| | -မသန်စွမ်းကလေးများ ပြုစုစောင့်ရှောက်ရေးဂေဟာ | ၁ | ၁ | ၇၀ | | |
| ၇။ | **မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးလုပ်ငန်း** | | | | | |
| | -ပြန်လည်ထူထောင်ရေးစခန်း | ၉ | ၉ | ၆၆၉ | | နှစ်စဉ်ဖွင့်လှစ်ပါသည်။ |
| ၈။ | **စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအား ထောက်ပံ့ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်း(ပရဟိတ)** | | | | | |
| | (က) လူငယ်ဖွံ့ဖြိုးရေးပရဟိတ(ကျား/မ) | ၂၀၆ | ၂၃၉ | ၁၆၆၅၉၆ | ၁၀၁၃. ၉၉၈ သန်း | ပရဟိတဂေဟာ ထောက်ပံ့ကြေးအား ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့် သတ်မှတ်ထောက်ပံ့ပေးပါသည်။ |
| | (ခ) စေတနာညကျောင်း | ၃၅ | ၄၃ | ၆၆၈၈ | ၁၁၂. ၁၅၁၀ သန်း | |
| | (ဂ) လူငယ်ရိပ်သာ | ၃၂ | ၄၇ | | | |
| | (ဃ) မသန်စွမ်းစောင့်ရှောက်ရေးပရဟိတ (မျက်မမြင်၊ နားမကြား) | ၇ | ၁၀ | ၁၁၂၇ | ၅၇. ၇၂၃ သန်း | |
| | (င) ဘိုးဘွားရိပ်သာ | ၅၅ | ၇၃ | ၂၅၇၆ | ၁၆၀. ၃၉၇သန်း | |
| | (စ) ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း | ၇၂၀ | ၉၁၈ | ၃၄၇၄၃ | ၅၅၀. ၈၀၀ သန်း | |



ကြေးမုံ Mirror
ဒီမိုကရေစီနိုင်ငံတော်သစ် (၅) နှစ်တာကာလ
ဖွံ့ဖြိုးတိုးတက်မှုပုံရိပ်များ
အထူးကဏ္ဍအချပ်ပို



ကမ္ဘာလှည့်ခရီးသွားများ ကော့သောင်းခရိုင် ကမ်းရိုးတန်းဒေသများသို့ လာရောက်လည်ပတ်မှုကို တွေ့ရစဉ်။

# ပြည်သူတွေကို အကျိုးပြု ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှု

နောင်နောင် (ခရီးသွား)

မန္တလေးမြို့သည် အထက်အညာဒေသ၏ ရှေးဟောင်းမြို့တော်များအား လည်ပတ်ကြည့်ရှုရန် အကောင်းဆုံးလမ်းဆုံခရီးစဉ်ဒေသတစ်ခုဖြစ်ပြီး မြန်မာ့ရိုးရာလက်မှုအနုပညာတို့အား လေ့လာရန် အကောင်းဆုံးဒေသလည်းဖြစ်သည်။

မြန်မာပြည်၏ အသည်းနှလုံးနေရာတွင် တည်ရှိပြီး မြန်မာ့ယဉ်ကျေးမှုတို့၏ ဗဟိုချက်မလည်းဖြစ်သည်။ စက်တင်ဘာလကုန်၍ အောက်တိုဘာလသို့ ရောက်ရှိလာသည်နှင့် မန္တလေးမြို့ရှိ အထင်ကရနေရာများဖြစ်သော ဦးပိန်တံတား၊ မဟာဂန္ဓာရုံ၊ မဟာမုနိဘုရားကြီး၊ ရွှေနန်းတော်ကျောင်း၊ မန္တလေးတောင် အစရှိသောနေရာများ၌ ကမ္ဘာလှည့်ခရီးသည်များကို အများအပြား တွေ့မြင်လာရပြီဖြစ်သည်။

ခရီးသွားဧည့်သည်များ အများအပြား လာရောက်လည်ပတ်မှုကြောင့် တိုက်ရိုက်ဝင်ငွေရသော ဟိုတယ်နှင့်တည်းခိုရိပ်သာများ၊ ခရီးသွားကုမ္ပဏီများနှင့် ဧည့်လမ်းညွှန်များသာမက အငှားယာဉ်၊ မြင်းလှည်း၊ စက်လှေ၊ အမှတ်တရ အရောင်းဆိုင်၊ စားသောက်ဆိုင်စသဖြင့် မန္တလေးဒေသခံတို့သည် ခရီးသွားဖွံ့ဖြိုးတိုးတက်မှုအခွင့်အလမ်းများကို မျှဝေခံစားကြရတော့မည်ဖြစ်သည်။

မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ နိုင်ငံတကာလေကြောင်းလိုင်းများ တိုက်ရိုက်ဆင်းသက်နိုင်သကဲ့သို့ မီးရထားလမ်း၊ ကားလမ်းတို့ဖြင့် မြန်မာပြည်အနှံ့သို့ ခရီးဆန့်နိုင်သဖြင့် သွားလာရေးလွယ်ကူအဆင်ပြေလှပါသည်။

များပြားလာသော နိုင်ငံတကာခရီးသွားများကို လက်ခံနိုင်ရန် ဝန်ဆောင်မှုကောင်းမွန်သော ဟိုတယ်များလည်းရှိသည်။ မန္တလေးမြို့တွင် ၂၀၁၁ ခုနှစ်က ဟိုတယ်အလုံးရေ ၇၆ လုံးသာရှိရာမှ ယခုအခါ မြန်မာနိုင်ငံ

> ၂၀၂၀ ခုနှစ်တွင် အနည်းဆုံး နိုင်ငံတကာ လေကြောင်းလိုင်း ၁၀ လိုင်းမှ ၁၅ လိုင်းခန့် တိုးတက်လာမည်ဆိုပါက လေယာဉ်များဆင်းသက်နိုင်အောင် လေယာဉ်ကွင်းများအား တိုးချဲ့ခြင်း၊ စည်းမျဉ်းစည်းကမ်းများ ဖြေလျှော့ပေးခြင်း စသည်တို့ ပြုလုပ်ပေးရန် လိုအပ်။

ခရီးသွားလုပ်ငန်း၏ ကောင်းမွန်သော အခွင့်အလမ်းများကြောင့် ရင်းနှီးမြှုပ်နှံသူတို့က စိတ်ဝင်တစားရှိလာကြရာ ၂၀၁၅ ခုနှစ် စက်တင်ဘာလအထိ ဟိုတယ်ပေါင်း ၁၆၄ လုံးနှင့် အခန်းပေါင်း ၆၆၇၂ ခန်းရှိလာပြီဖြစ်သည်။

နောက်ထပ် ထပ်မံ၍ တည်ဆောက်ရန် အဆိုပြုထားသော ဟိုတယ်များ ထပ်ပေါင်းပါက ၂၀၁၇-၂၀၁၈ ခန့်တွင် ဟိုတယ်ပေါင်း ၂၀၀၊ အခန်းပေါင်း ၁၀၀၀၀ ကျော်ထိဖြစ်လာမည်ဖြစ်သည်။ ယင်းပမာဏသည် ပြည်တွင်း/ပြည်ပ ဧည့်သည်ပေါင်း ၂၀၀၀၀ ကို နေ့စဉ်လက်ခံနိုင်မည်ဖြစ်သဖြင့် ဧည့်သည်ပေါင်း နှစ်သန်းခွဲကို သုံးညအိပ် လက်ခံနိုင်မည့်ပမာဏဖြစ်သည်။

မန္တလေးမြို့သို့ ၂၀၁၄ ခုနှစ်က နိုင်ငံခြားသားဧည့်သည် နှစ်သိန်းခွဲခန့်သာ ဝင်ရောက်ခဲ့သည်။ ၂၀၁၅ ခုနှစ် စက်တင်ဘာလအထိ ကမ္ဘာလှည့်ခရီးသွားပေါင်း နှစ်သိန်းခန့် ဝင်ရောက်ပြီးသဖြင့် ၂၀၁၅ အကုန်တွင် သုံးသိန်းကျော်ဖြစ်လာမည်ဖြစ်သည်။ တိုးတက်မှုရာခိုင်နှုန်းမှာ ၃၀ ရာခိုင်နှုန်းကျော်ရှိမည်ဟု ခန့်မှန်းထားသည်။

ယင်းပမာဏသည် တစ်နိုင်ငံလုံး၏ ကမ္ဘာလှည့်ခရီးသည် အဝင် ၄ ဒသမ ၅ သန်းနှင့် နှိုင်းယှဉ်ပါက ၁၀ ရာခိုင်နှုန်းပင် မပြည့်သည်ကိုတွေ့ရသည်။ မန္တလေးကဲ့သို့ အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိသော မြန်မာနိုင်ငံ၏ အထင်ကရ မြို့တစ်မြို့အနေဖြင့် ယင်းပမာဏမှာ နည်းပါးလှသေးသည်။ မြန်မာတစ်နိုင်ငံလုံး၏ စုစုပေါင်းကမ္ဘာလှည့်ခရီးသည်အဝင်၏ ၁၀ ရာခိုင်နှုန်းသာ မန္တလေးမြို့သို့ ရောက်ရှိလည်ပတ်နေရာမှ နောင်တွင် ၂၅ ရာခိုင်နှုန်းခန့်အထိ ဧည့်သည်အဝင်ရရှိရန်အတွက် ကြိုးပမ်းသွားရန်လိုအပ်ပါသေးသည်။

သို့မှသာ ၂၀၂၀ ခုနှစ်၌ မြန်မာတစ်နိုင်ငံလုံး ကမ္ဘာလှည့်ခရီးသည်ဝင်ရောက်မည့် ပမာဏ ခုနစ်သန်းကျော်ဆိုလျှင်ပင် မန္တလေးမြို့၌ ကမ္ဘာလှည့်ခရီးသည် နှစ်သန်းခန့်အထိ ဖြစ်လာမည်ဖြစ်ပါသည်။

ယင်းပမာဏသည် ပြည်တွင်းခရီးသွားများ ရောက်ရှိလည်ပတ်မှု မပါဝင်သေးပါ။ ပြည်တွင်း ရီးသွားများ မန္တလေးမြို့သို့ လာရောက်လည်ပတ်မှုမှာလည်း ကမ္ဘာလှည့်ခရီးသည်များ ဝင်ရောက်မှုနှင့် နှိုင်းယှဉ်လျှင် မနည်းလှကြောင်း တွေ့ရှိရပါသည်။

၂၀၁၄ ခုနှစ်၌ ကမ္ဘာလှည့်ခရီးသည်ပေါင်း ၂၄၂၅၆၆ ဦး ဝင်ရောက်ချိန်၌ ပြည်တွင်းခရီးသွားပေါင်း ၄၀၇၆၄၇ ဦး လာရောက်လည်ပတ်ခဲ့ကြကြောင်း တွေ့ရှိရသည်။ ယခုအခါ မန္တလေးမြို့သို့ ဆင်းသက်သော နိုင်ငံတကာလေကြောင်း လိုင်းပေါင်း ငါးလိုင်းသာ ရှိပါသေးသည်။

၂၀၂၀ ခုနှစ်တွင် အနည်းဆုံး နိုင်ငံတကာ လေကြောင်းလိုင်း ၁၀ လိုင်းမှ ၁၅ လိုင်းခန့် တိုးတက်လာမည်ဆိုပါက လေယာဉ်များဆင်းသက်နိုင်အောင် လေယာဉ်ကွင်းများအား တိုးချဲ့ခြင်း၊ စည်းမျဉ်းစည်းကမ်းများ ဖြေလျှော့ပေးခြင်းစသည်တို့ ပြုလုပ်ပေးရန် လိုအပ်သည်။

တစ်ဖက်ကလည်း သင့်တင့်သောဈေးနှုန်းများဖြင့် ပြေးဆွဲသော ပြည်တွင်းလေကြောင်းလိုင်းများလည်း တိုးတက်များပြားလာရန် လိုအပ်ပါသည်။

ခရီးသွားမြှင့်တင်ရေးဆွေးနွေးပွဲများ၊ ခရီးသွားပြပွဲများကို ပြုလုပ်ရန်လည်းလိုအပ်သည်။ တစ်ဖက်က ခရီးသွားဧည့်သည်များအား ဖိတ်ခေါ်သကဲ့သို့ တစ်ဖက်ကလည်း ပြည်တွင်းတွင် လိုအပ်ချက်များ၊ အခြေခံအဆောက်အအုံများကို ဖြည့်ဆည်းပေးရမည်ဖြစ်သည်။

တိုးတက်များပြားလာသော လူဦးရေ၊ ဧည့်သည်ဦးရေနှင့် ဟိုတယ်များအတွက် လိုအပ်သော လျှပ်စစ်မီး၊ ရေ၊ လောင်စာနှင့် အများပြည်သူ လွယ်ကူအဆင်ပြေသော သယ်ယူပို့ဆောင်ရေး စနစ်များလည်း ဖြည့်ဆည်းပေးရမည်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ အိမ်“သာ”လျှင် ဧည့်“လာ”မည်သာဖြစ်သည်။ ဧည့်လာလျှင် ပထမဆုံးပျော်ရွှင်ရသည်က အိမ်သားများပင်ဖြစ်သည်။ ထို့ကြောင့် ဒေသခံလူမှုအဖွဲ့အစည်းများအတွက် အကျိုးပြုမည့် ခရီးသွားလုပ်ငန်းတစ်ရပ်ကို ဦးစားပေးဖော်ဆောင်လျက်ရှိပါသည်။

ဒေသခံပြည်သူလူထုတို့၏ လူနေမှုအဆင့်အတန်းသည် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာမှုနှင့်အညီ တိုးတက်မြင့်မားရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် လိုအပ်သည်။

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနသည် သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍတို့နှင့် ပူးပေါင်း၍ ပြည်ပမှဝင်ရောက်လာသည့် ကမ္ဘာလှည့်ခရီးသည်များ ရင်းနှီးမြှုပ်နှံမှုများကြောင့် ဒေသခံပြည်သူတို့၏ လူမှုရေး၊ စီးပွားရေးနှင့် လူ့အခွင့်အရေးများမဆုံးရှုံးစေရန် အလေးထားဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင် လိုအပ်သော စည်းမျဉ်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်၍ မိမိတို့နိုင်ငံ၏ သဘာဝပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုအမွေအနှစ်များကိုလည်း ကာကွယ်ထိန်းသိမ်းလျက်ရှိပါသည်။

ခရီးသွားလုပ်ငန်းသည် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု၊ ဒေသခံပြည်သူလူထု၏ ဂုဏ်သိက္ခာရှိမှု၊ ကြွယ်ဝချမ်းသာမှု၊ သာယာလှပမှု၊ အချင်းချင်းချစ်ကြည်ရင်းနှီးမှုနှင့် တရားမျှတမှုတို့ကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနေပါကြောင်း တင်ပြလိုက်ရပါသည်။

